# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

**၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း (၅)ရက် ၊ တနင်္ဂနွေနေ့ ၊ (22-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၉၈)**


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ကျင်းပပြီးစီး

စာမျက်နှာ - ၁၆

## ဆံတော်ရှင်မြတ်မော်တင်စွန်းဘုရားပွဲတော်လာပြည်သူများ သွားလာမှုအဆင်ပြေစေရန် ရှပ်ပြေးယာဉ်များဖြင့် ဝန်ဆောင်မှုပေးနေ




**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်မှ တပေါင်းလပြည့်နေ့ မတ် ၂ ရက်ထိ ကျင်းပလျက်ရှိရာ ပွဲတော်လာပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် ပုသိမ်ဆိပ်ကမ်းမှ ရှပ်ပြေးအမြန်ယာဉ်များဖြင့် ခမောက်မော်ဆိပ်ကမ်းသို့ ခရီးသွားဝန်ဆောင်မှုပေးကာ ပို့ဆောင်ပေးလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ရှပ်ပြေးယာဉ်များဖြင့် ခရီးသွားဝန်ဆောင်မှုပေးရာတွင် ရှပ်ပြေးယာဉ်များ၌ ရိုးရိုးအခန်း၊ လေပန်ကာအခန်း၊ အဲယားကွန်းအခန်း စသည့် ဝန်ဆောင်မှုများရှိပြီး ပုသိမ်ဆိပ်ကမ်းမှ ညနေ ၆ နာရီတွင် ထွက်ခွာပါက နံနက် ၁ နာရီခွဲတွင် ခမောက်မော်ဆိပ်ကမ်းသို့ ဆိုက်ကပ်လေ့ရှိကြောင်း သိရသည်။

"ပုသိမ်ကနေ မော်တင်စွန်းကို ရှပ်ပြေးခုနစ်စီး၊ ရှစ်စီး နေ့စဉ်ညနေတိုင်းပြေးဆွဲပေးပါတယ်။ ရှပ်ပြေးယာဉ်နဲ့ခရီးသွားတွေ **စာမျက်နှာ ၁၆ ကော်လံ ၁**

## အိန္ဒိယသမုဒ္ဒရာနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့၊ ဆင်နှစ်ကောင်** ၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀



ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်

**အယ်ဒီတာ့အာဘော်**

# လူငယ်လူရွယ်များဘဝတိုးတက်ရေး စာအုပ်၊ စာပေဖတ်ရှုပေး

ပညာသင်ကြားကြခြင်းသည် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်၊ ကောင်းမှုနှင့် မကောင်းမှုကို ဆင်ခြင်ခွဲခြားနိုင်ရန်၊ လောကကို ပိုမို၍သိနားလည်နိုင်ရန်၊ လူသားတစ်ဦးအဖြစ် ပိုမိုပီပြင်ပြည့်စုံလာစေရန်ဖြစ်သည်။ ကျောင်းပညာသင်ကြားရုံဖြင့် လူတစ်ဦးအတွက်လိုအပ်သည့် ဗဟုသုတ၊ အတွေ့အကြုံ၊ အတွေးအမြင်တို့ကို ပြည့်စုံကုံလုံအောင် မဖြည့်ဆည်းနိုင်ပေ။ ထို့ကြောင့် လိုအပ်သည့်ဗဟုသုတ၊ အတွေ့အကြုံ၊ အတွေးအမြင်တို့ရရှိရေးအတွက် စာအုပ်၊ စာပေဖတ်ရှုခြင်းဖြင့် ဖြည့်ဆည်းကြရန်လိုသည်။

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်သည့်လူမျိုးတို့သည် ပညာရေးအဆင့်အတန်းမြင့်မားသကဲ့သို့ စာဖတ်အားလည်းကောင်းကြသည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံမှ လူငယ်လူရွယ်တိုင်းသည် သွားလေရာတွင် စာအုပ်တစ်မျိုးမျိုးကို ကိုယ်နှင့်မကွာဆောင်ထားလေ့ရှိကြပြီး အားလပ်ချိန်တိုင်းကို အလဟဿမဖြစ်စေဘဲ စာဖတ်ခြင်းဖြင့် တန်ဖိုးရှိအောင်အသုံးပြုကြသည်။

နည်းပညာတိုးတက်လာသည့် ယနေ့ခေတ်တွင် လူငယ်၊ လူရွယ်တချို့သည် ဖုန်း၊ ကွန်ပျူတာ၊ လက်ပ်တော့၊ တက်ဘလက်ပ်စသည့် အိုင်တီပစ္စည်းတို့ဖြင့် ယူကျုကြည့်ခြင်း၊ ဆိုရှယ်မီဒီယာသုံးခြင်းများ ပိုမိုပြုလုပ်လာကြပြီး စာဖတ်ခြင်းအလေ့မှာ မရှိသလောက်ရှားပါးလာခဲ့သည်။ စာအုပ်ဖတ်ရှုခြင်းထက် ဆိုရှယ်မီဒီယာပို့စ်များဖတ်ရှုခြင်းဖြင့် အချိန်ကုန်လာသည်။ စာအုပ်ဖတ်ရှုခြင်းအလေ့အကျင့်ကောင်းကို ဘေးဖယ်ထားလိုက်ခြင်းသည် ဘဝတိုးတက်အောင်မြင်ရေးအတွက် အလွယ်တကူရယူနိုင်သည့် အခွင့်ကောင်းကြီးတစ်ခုကို လက်လွှတ်လိုက်ခြင်းပင်ဖြစ်သည်။ စာပေဖတ်ရှုခြင်းသည် ဘဝတိုးတက်အောင်မြင်ရေးအတွက် အလွန်အကျိုးကျေးဇူးများသဖြင့် ထိုအကျိုးကျေးဇူးတို့ကို သိမြင်နားလည်သော လူငယ်၊ လူရွယ်များအနေဖြင့် ဘဝတိုးတက်အောင်မြင်ရေးအတွက် အလွယ်တကူရယူဆောင်ရွက်နိုင်သော စာဖတ်ခြင်းအလေ့ကို မွေးမြူကြရမည်။

ထို့ပြင် ခန္ဓာကိုယ်အတွက် လေ့ကျင့်ခန်းလုပ်ရန်လိုသကဲ့သို ဦးနှောက်အတွက်လည်း လေ့ကျင့်ခန်းလုပ်ရန်လိုသည်။ ဦးနှောက်လေ့ကျင့်ရေးမှာ စာဖတ်ခြင်းဖြစ်သည်။ စာဖတ်ခြင်းက ဦးနှောက်အတွင်းရှိ များပြားရှုပ်ထွေးသောပတ်လမ်းများနှင့် အချက်ပြမှုကွန်ရက်စနစ်များကို လှုံ့ဆော်ပေးသည်။ စာဖတ်စွမ်းရည်ကောင်းလာသည်နှင့်အမျှ အဆိုပါကွန်ရက်စနစ်များ ပို၍အားကောင်းကာ စိတ်တည်ငြိမ်မှုနှင့် အာရုံစူးစိုက်နိုင်စွမ်းတို့ကို ရရှိစေသည်။

စာပေဖတ်ရှုသူနှင့် စာမဖတ်သူတို့၏အရည်အသွေးမှာ သိသိသာသာကွာခြားသည်။ စာကြည့်တိုက်များတွင် စာပေဖတ်ရှု၍ အချိန်ကုန်သောသူသည် ဆိုရှယ်မီဒီယာနှင့် ဂိမ်းကစားခြင်းတို့တွင် အချိန်ဖြုန်းသူများနှင့် ယှဉ်ကြည့်ပါက သာလွန်တိုးတက်သွားသည်ကို မြင်တွေ့နိုင်သည်။ စာပေဖတ်ရှုခြင်းက မှန်ကန်သော အသိအမြင်၊ အတွေးအခေါ်၊ ဗဟုသုတများစွာကို ရရှိစေပါသည်။

သို့ဖြစ်ပါ၍ ယနေ့ကမ္ဘာသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတို့ တစ်ဟုန်ထိုးတိုးတက်ပြောင်းလဲခြင်းနှင့်အတူ မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဝိသေသလက္ခဏာများကို ခိုင်ခိုင်မာမာမြှင့်တင်ရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်၊ ကမ္ဘာကို အမြင်ကျယ်ကျယ်နှင့် ကြည့်မြင်နိုင်ရန်လိုအပ်သည့်အတွက် စာဖတ်နိုင်သည့်အရွယ်မှစ၍ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များသည် မိမိအသက်အရွယ်အလိုက် ဖတ်သင့်သည့်စာအုပ်များကိုရွေးချယ်၍ စာဖတ်ခြင်းအလေ့အကျင့်ကောင်းများ တစ်စတစ်စစွဲမြဲလာရေးကို ပျိုးထောင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# စစ်ကိုင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၄၃၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့တွင် ၁၂၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"နွေသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ စပါး ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် နွေစပါးနှင့် အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည့် သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ မြေဆီလွှာအာဟာရဖြည့်တင်းရေးဆိုင်ရာ လုပ်ငန်းများနှင့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ကြိုတင်စုဆောင်းရေးဆိုင်ရာ လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ကြိုတင်ပြင်ဆင်ထားကြရန် နှိုးဆော်ထားကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ရေကမိုးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သဘွတ်ကုန်းကျေးရွာအုပ်စု ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF)ဖြင့် ရေကမိုးကျေးရွာရှိ နို့စားနွားမွေးမြူရေး လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင် ဦးရေ ၂၀ ကို ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငှက်ပျောသီးအစုံ အဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငှက်ပျောသီးအစုံ အဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းဌေးက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ဒေသထွက်ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက ငှက်ပျောသီးအစုံ အဖီးရေ ၅၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း၊ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများမှာ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ရွှေငှက်ပျော စသည့်ငှက်ပျောသီးအမျိုးအစားများကို အများဆုံး တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တစ်လအတွင်း ငှက်ပျောသီးအစုံ အဖီးရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငှက်ပျော သီးအစုံ အဖီးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလို ငှက်ပျောသီးတွေ တင်ပို့ရောင်းချ အားကောင်းလာတော့ ငှက်ပျောစိုက်တောင်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်။ လက်ရှိငှက်ပျောသီးအစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ညောင်တုန်းမြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်သန်းဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများမှာ အမျိုးအစားပေါ်မူတည်၍ ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ១၅၅၀၀၀၊ ရခိုင်ငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၉၀၀၀၊ သီးမွှေးငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀၊ ရွှေငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၀၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြင်ဦးလွင်မြို့နယ် နောင်လိုင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF)စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နောင်လိုင်ကျေးရွာအုပ်စု နောင်လိုင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော့နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နောင်လိုင်ကျေးရွာအုပ်စု နောင်လိုင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF)ကို ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော့က ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နောင်လိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၂၀ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပုသိမ်ကြီးမြို့ အောင်ချမ်းသာရပ်နေ ဒေါ်မြမြသန်းမွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့တာ ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ရွှေဘိုမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ၁၀၀၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရွှေဘို ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ၁၀၀၉ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၆၅၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောကုလားပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၀၀၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၅ ဒသမ ၅၅ တင်းထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၄၆၅၇ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲစိုက်ခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေစင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

ရွှေဘိုမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို တောင်သူများနှင့်ပူးပေါင်းပြီး အသိပညာပေးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမက ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ကုလားပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြခဲ့သည်။

(၂၀၆)

# သာပေါင်းမြို့နယ် သရက်အုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာပေါင်း ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်အုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ သရက်အုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှုရှိ၊ မရှိကိုလည်းကောင်း၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သရက်အုပ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၁၀၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ခြောက်သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၈၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၈၇ သိန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၄၆ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၆၀ တို့ကို ရန်ပုံငွေကျပ် ၄၃၆ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

နှံ့ယဉ်

# ဓနုဖြူမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဓနုဖြူ ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများ ဖေဖော်ဝါရီလ ပထမပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာချိန် ၄၅၀၀၀ မှ ပိဿာချိန် ၅၅၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးတစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

"တိုင်ထောင်ပဲသီးတွေကို ဒေသဈေးကွက်အပြင် အခြားမြို့နယ်တွေက ဝယ်ယူမှုများနေတာပါ။ လက်ရှိ တိုင်ထောင်ပဲသီး ပိဿာချိန် ၅၅၀၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြားစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလိုဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်ယူမှုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်တဲ့တောင်သူတွေ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု ဓနုဖြူမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများအပါအဝင် ဒေသထွက်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါတိုင်ထောင်ပဲသီးများ ဝယ်ယူအားကောင်းသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာပြီး၊ လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် များစွာအကျိုးကျေးဇူးရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း



# စီးပွားအောင်မြင်ရေးအတွက်အရေးကြီးသော ယုံကြည်မှုရှိခြင်း

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးအောင်မြင်ရန်အတွက် မဟာဗျူဟာ တည်ဆောက်ရန်၊ စီမံခန့်ခွဲမှုနည်းစနစ်များ နားလည်ရန်နှင့် နည်းပညာများကို ခေတ်နှင့်အမီတည်ဆောက်ရန် စသည့်အချက်များသည် အဓိကကျကြောင်း ဖော်ပြကြလေ့ရှိသည်။ ထိုအချက်များသည် စီးပွားရေးအောင်မြင်မှုအတွက် လိုအပ်သောအချက်များဖြစ်သည်မှာ မှန်ကန်ပါသည်။ သို့သော် ထိုအရာအားလုံး၏အခြေခံအဖြစ်တည်ရှိနေသောအရာမှာ ယုံကြည်မှုပင်ဖြစ်သည်ဟု ဆိုချင်သည်။ ယုံကြည်မှုဆိုသည်မှာ လူအချင်းချင်းထားရှိသော ကတိသစ္စာဖြစ်သည်ဆိုသည့်အဓိပ္ပာယ်သာမက ခိုင်မာသောစီးပွားရေးလုပ်ငန်းများတည်ဆောက်ရန်၊ ဈေးကွက်အတွင်း ခိုင်မာစွာရပ်တည်နိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မာသောအောင်မြင်မှုကို ရယူနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ယုံကြည်မှုဆိုသည်မှာ တန်ခိုးရှင်တစ်ဦးက ဖန်တီးသောအရာမဟုတ်ပါ။ ဆန်းကြယ်ပြီး လူတိုင်းမလုပ်နိုင်သော အရာလည်း မဟုတ်ပါ။ လူတိုင်း၊ စီးပွားရေးလုပ်ငန်းတိုင်း ဖန်တီးနိုင်သောတန်ဖိုးရှိသည့် အရာတစ်ခုသာဖြစ်သည်။

ယုံကြည်မှု၏ စီးပွားရေးဆိုင်ရာတန်ဖိုးများကို ကြည့်မည်ဆိုလျှင် စီးပွားဆိုင်ရာဆက်ဆံရေးများတွင် ပိုမိုလွယ်ကူစေသည်။ ဥပမာအားဖြင့် စာချုပ်များ၊ ဥပဒေရေးရာစိစစ်မှုများနှင့် ထိန်းကျောင်းရန်လိုအပ်သောစရိတ်များကို လျှော့နည်းသွားစေနိုင်သည်။ ချိတ်ဆက်ဆောင်ရွက်မှုများသည်လည်း အချိန်ကုန်သက်သာစေပြီး မြန်ဆန်စွာအထမြောက်စေနိုင်သည်။ ဝန်ထမ်းများနှင့် ခေါင်းဆောင်မန်နေဂျာတို့ကြားတွင် အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ပါက ဝန်ထမ်းများ၏စွမ်းဆောင်ရည်သည် ပိုမိုမြင့်မားလာမည်ဖြစ်သည်။ ခေါင်းဆောင်၏စကားနှင့် တာဝန်ခံမှု၊ တာဝန်ယူမှုများကို ဝန်ထမ်းများက ယုံကြည်မှုပြည့်ဝသည်နှင့်အမျှ စွမ်းဆောင်ရည်လည်း မြင့်မားလာစေသည်။ ကုန်ထုတ်စွမ်းအားကိုလည်း မြင့်မားလာစေသည်။

သစ္စာရှိဖောက်သည်များသည် စီးပွားရေးလုပ်ငန်းအတွက် များစွာတန်ဖိုးရှိသော ဖောက်သည်များဖြစ်ကြသည်။ ထိုသူများသည် ယုံကြည်မှုအပြည့်အဝထားရှိတတ်ပြီး လုပ်ငန်းအပေါ် အစဉ်အမြဲဝယ်ယူအားပေးတတ်သူများဖြစ်သည်။ ထိုသူများသည် အစဉ်အမြဲဝယ်ယူသူများဖြစ်ကြသကဲ့သို့ တစ်ဖက်တွင်လည်း မိမိစီးပွားရေးလုပ်ငန်းအတွက် ကြော်ငြာသမားကောင်းများလည်းဖြစ်ကြသည်။ ယုံကြည်လေလေ ပိုရှိအားပေးလေလေဖြစ်ကြသည်။ ယုံကြည်မှုသည် ငွေကြေးထက်ပင် ကောင်းမွန်သောအခွင့်အလမ်းသစ်များကို ဖန်တီးပေးနိုင်စွမ်းရှိသည်။ နာမည်ဂုဏ်သတင်းကောင်းသည် ထိတွေ့ကိုင်တွယ်၍မရသည့် တန်ဖိုးကြီးသောပုံသေပိုင်ပစ္စည်းတစ်ခုဖြစ်သည်။ ထိုနာမည်ဂုဏ်သတင်းကောင်းကို ဖောက်သည်များ၏ ယုံကြည်မှုဖြင့် တည်ဆောက်ရသည်ဖြစ်သည်။ ယုံကြည်မှုသည် စီးပွားရေးအောင်မြင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ပြီး အကောင်းဆုံးသောအကျိုးခံစားမှုကို ပြန်လည်ရရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှုကောင်းတစ်ခုဖြစ်သည်။

**ယုံကြည်မှုတည်ဆောက်ခြင်း**

ယုံကြည်မှုကို မြှင့်တင်ခြင်းသည် စီးပွားရေးလုပ်ငန်း၏အရှိန်အဟုန်ကို မြှင့်တင်ခြင်းပင်ဖြစ်သကဲ့သို့ စရိတ်ကိုလည်း လျှော့ကျစေနိုင်သည်။ ဆိုလိုသည်မှာ ကုန်သည်ပွဲစားတစ်ဦးသည် ယုံကြည်ရသူတစ်ဦးထံမှ ပစ္စည်းကိုဝယ်ယူရာတွင် မှန်မှန်ကန်ကန်ဆုံးဖြတ်ချက်တစ်ခုကို လျင်မြန်စွာ ချမှတ်နိုင်သည်။ ဆုံးဖြတ်ချက်လျင်မြန်သည်နှင့်အမျှ စိစစ်ရသည့်စရိတ်နှင့် အချိန်ကုန်သက်သာစေပြီး အကျိုးအမြတ်တစ်ခုကို သေချာစေနိုင်သည်။ ထို့ကြောင့် ယုံကြည်မှုမြင့်မားသည်နှင့်အမျှ စီးပွားရေးအရှိန်အဟုန်သည်လည်း မြင့်တက်လာသည်။ အလားတူပင် စရိတ်စကပိုင်းတွင်လည်း လျှော့နည်းပြီး အကျိုးအမြတ်ပိုကောင်းစေသည်။ ယုံကြည်မှုတည်ဆောက်ရန် အောက်ပါအတိုင်း အလွှာငါးလွှာခွဲခြားဆောင်ရွက်နိုင်သည်။

**မိမိကိုယ်ကို ယုံကြည်မှု**

မိမိကိုယ်ကိုယုံကြည်မှုရှိရန် ဦးစွာတည်ဆောက်ရမည်။ မိမိကိုယ်ကိုယုံကြည်မှုရှိမှသာ အခြားသူများနှင့် ယုံကြည်မှုတည်ဆောက်ရန် လွယ်ကူမည်ဖြစ်သည်။ မိမိ၏ပင်ကိုအတွင်းစိတ်ကို ယုံကြည်နေခြင်း၊ ကိုယ့်ကိုယ်ကိုယ် ကတိတည်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်ခြင်းနှင့် ကိုယ်ပိုင်တန်ဖိုးထားမှုအတိုင်း ရပ်တည်ရဲခြင်း စသည့်အချက်များသည် မိမိကိုယ်ကို ယုံကြည်ခြင်းဖြစ်သည်။ အလိုအလျောက်သိစိတ်ဖြင့် ဆုံးဖြတ်နိုင်ခြင်းမျိုး၊ ကိုယ်တိုင် စိတ်အတွင်းတွင် ကိုက်ညီမှု ရှိ၊ မရှိ ခွဲခြားနိုင်ခြင်းမျိုးဖြစ်သည်။ ထို့ပြင် အခြားသူများနှင့်မဆိုင်သော ကိုယ့်ကိုယ်ကိုယ်ကတိပေးပြီး တည်ခြင်းမျိုးရှိရမည်။ ဥပမာအားဖြင့် ယနေ့သည်စာအုပ်ကို အပြီးဖတ်မည်ဟု ကိုယ်တိုင်ပြောပြီး ထိုအတိုင်း မှန်အောင်ဆောင်ရွက်ခြင်းသည် ကိုယ့်ကိုယ်ကိုယ်ပေးသည့်ကတိကို တည်ခြင်းမျိုးဖြစ်သည်။ ထို့ကဲ့သို့ ကိုယ်တိုင်ပေးသည့်ကတိကို တည်အောင်လုပ်ခြင်းမျိုးကို မကြာခဏလုပ်ပေးခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကို တိုးတက်စေသည်။ ထို့ပြင် ကိုယ့်ကိုယ်ကိုယ်ခွင့်လွှတ်နိုင်ရမည်။ အမှားတစ်ခုကို ရင်ဆိုင်ရသည့်တိုင်အောင် သင်ခန်းစာများရယူပြီး ရှေ့ဆက်လုပ်ကိုင်ရန် ခွင့်လွှတ်နားလည်ပေးခြင်းမျိုးဖြစ်သည်။

အခြားတစ်ခုမှာ အခြားသူများ စိတ်တိုင်းကျ လိုက်ပါနေထိုင်ခြင်းထက် ကိုယ့်လိုအပ်ချက်၊ ကိုယ့်စိတ်ချမ်းသာမှုနှင့် ကိုယ့်တန်ဖိုးထားမှုများအတိုင်း ရပ်တည်ရဲခြင်းမျိုးဖြစ်သည်။ ထို့သို့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမျိုးရှိမှသာ ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲတင်းတင်း ချမှတ်နိုင်မည်။ ဘေးလူများ၏ အကြံဉာဏ်အပေါ် အလွန်အမင်းမှီခိုနေခြင်းမျိုးမှ ကင်းလွတ်မည်ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိစေရန် သေးငယ်သောကတိများကိုတည်အောင် ကြိုးစားလိုက်နာခြင်းမျိုးကို နေ့စဉ်လုပ်ကိုင်ပေးသင့်သည်။ ဥပမာ-သည်နေ့ ရေငါးခွက်သောက်မည်ဟု စိတ်ထဲတွင် ကတိထားသည်ကို လိုက်နာဖြစ်အောင်လိုက်နာလုပ်ကိုင်ခြင်းမျိုးဖြစ်သည်။

❖ ယုံကြည်မှု၏ စီးပွားရေးဆိုင်ရာတန်ဖိုးများကို ကြည့်မည်ဆိုလျှင် စီးပွားဆိုင်ရာဆက်ဆံရေးများတွင် ပိုမိုလွယ်ကူစေသည်။ ဥပမာအားဖြင့် စာချုပ်များ၊ ဥပဒေရေးရာစိစစ်မှုများနှင့် ထိန်းကျောင်းရန်လိုအပ်သောစရိတ်များကို လျှော့နည်းသွားစေနိုင်သည်။ ချိတ်ဆက်ဆောင်ရွက်မှုများသည်လည်း အချိန်ကုန်သက်သာစေပြီး မြန်ဆန်စွာအထမြောက်စေနိုင်သည်။ ဝန်ထမ်းများနှင့် ခေါင်းဆောင်မန်နေဂျာတို့ကြားတွင် အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ပါက ဝန်ထမ်းများ၏ စွမ်းဆောင်ရည်သည် ပိုမိုမြင့်မားလာမည်ဖြစ်သည်။ ❖

**ပေါင်းသင်းဆက်ဆံရေးယုံကြည်မှု**

မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ပြီးလျှင် မိမိအနီးပတ်ဝန်းကျင်နှင့် အခြားသူများ၊ ဖောက်သည်များ၏ယုံကြည်မှုကိုရရှိရန် တည်ဆောက်ရမည်ဖြစ်သည်။ အမှန်တရားကို တိုက်ရိုက်ပြောနိုင်ရမည်။ ဥပမာ-ဝန်ထမ်းတစ်ယောက် စွမ်းဆောင်ရည်ကျဆင်းနေလျှင် "အဆင်ပြေပါတယ်"ဟု စကားကိုဖော့၍ ပြောခြင်းမျိုးအစား "ခင်ဗျားရဲ့ ဒီလ အရောင်းပမာဏ ကျဆင်းနေတယ်၊ ဘာဖြစ်လို့ကျဆင်းတယ်ဆိုတာ ဆွေးနွေးကြည့်ရအောင်"စသည်ဖြင့် ပြောနိုင်ရန်လိုအပ်သည်။ ကွေ့ကောက်ပြောနေခြင်း၊ မရှင်းမလင်းပြောခြင်းမျိုးမလုပ်သင့်ပေ။ အခြားသူများကို လေးလေးစားစားဆက်ဆံပါ။ လေးစားပါ။ ကိုယ်က ဦးစွာလေးစား ယုံကြည်မှုပေးနိုင်အောင်လုပ်ရမည်။ အဆင့်မတူသူများကိုလည်း လေးစားမှုပေးရမည်။ ပွင့်လင်းမြင်သာမှုရှိရေးသည်လည်း အရေးကြီးသည်။ အခြားသူများကို ကိုယ်ဘာလုပ်နေသည်၊ ဘာကြောင့်လုပ်ရသည် စသည်ဖြင့် ပွင့်ပွင့်လင်းလင်းအမှန်အတိုင်း ပြောနိုင်ရမည်။ အမှားများပြုလုပ်မိလျှင် ဝန်ခံပြီး ပြုပြင်ပါ။ တောင်းပန်ပါသည်ဆိုသည်ထက် ပြုပြင်ပြီး လက်တွေ့လုပ်ပြရမည်။ ဥပမာ-ကုန်ပစ္စည်းမှားယွင်းပေးပို့မိလျှင် တောင်းပန်ရုံသာမက ထပ်မံ၍ ပို့ခမယူဘဲ မှာသောပစ္စည်းအမှန်ကို ထပ်မံပေးပို့နိုင်ရမည်။ ကိုယ့်အနီးတွင်မရှိသူကို ချီးကျူးပြီး အနားတွင် ရှိသူကို ဝေဖန်ပါ၊ ဆွေးနွေးပါ။ ကိုယ့်အနားတွင် မရှိသည့် ဖောက်သည်တစ်ယောက်အကြောင်းကို အကောင်းပြောပြပေးရန် လိုအပ်သည်။ ကတိတည်ရန် အထူးလိုအပ်သည်။ ဖောက်သည်များထံမှ ယုံကြည်မှုကို ရရှိရန်နှင့် ဝန်ထမ်းများ၏ ယုံကြည်မှုကိုရရှိရန် အဓိကအချက်မှာ ပေးထားသည့်ကတိတည်ခြင်းပင်ဖြစ်သည်။ ပေးထားသည့်ကတိအတိုင်း ငွေချေခြင်း၊ အချိန်ပေးထားသည့်အတိုင်း ကတိတည်အောင် ကုန်ပို့ပေးခြင်းတို့ဖြစ်သည်။

မိမိဖောက်သည်များ၊ အနီးပတ်ဝန်းကျင်မှလူများ၊ ဝန်ထမ်းများနှင့်ပတ်သက်၍ မိမိကို ယုံကြည်မှုပိုမိုရရှိစေရေးအတွက် အစဉ်တွေးတောလုပ်ကိုင်ပေးနေရန်လိုအပ်သည်။ ကိုယ့်ကိုယ်ကိုယ်တိုးတက်မှုရှိအောင် အစဉ်လေ့လာသင်ယူနေသင့်သည်။ ခက်ခဲသည့်အခြေအနေများ၊ စိတ်မပါသောကိစ္စများကို ရှောင်ပြေးနေခြင်းမျိုးလုပ်မည့်အစား ရင်ဆိုင်ဖြေရှင်းသွားရန်လိုအပ်သည်။ အချို့သူများသည် အမှားလုပ်ပြီးနောက် တောင်းပန်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ရမည်ကို ဝန်လေးနေတတ်သည်။ ထိုအချက်များရှိပါက ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းပေးခြင်းကို လေ့ကျင့်ယူရန်လိုအပ်သည်။ ဝန်ထမ်းများ၏ လစာကိစ္စ၊ ဘောနပ်စ်ကိစ္စများသည် ဝန်ထမ်းများ၏ မျှော်လင့်ချက်များဖြစ်တတ်သည်။ ထိုအချက်များကို ရှင်းရှင်းလင်းလင်း ပြောပြထားရန် လိုအပ်သည်။

ညွှန်ကြားချက်များပေးလျှင်လည်း ရှင်းရှင်းလင်းလင်းရှိရမည်။ တာဝန်ခံမှု၊ တာဝန်ယူမှုကို အလေးအနက်လုပ်ဆောင်ရန် လိုအပ်သည်။ ထို့ပြင် အရေးကြီးသောအချက်တစ်ခုမှာ ကိုယ့်အမြင်ကိုမပြောခင် ဦးစွာနားထောင်ပေးရန်လိုအပ်သည်။ အခြားသူများ၏အမြင်ကို နားလည်ရန်ကြိုးစားရမည်။ ဖောက်သည်များကပြောသော စကားများသည် မိမိလုပ်ငန်းအတွက် ဆောင်ရန်၊ ရှောင်ရန်များ ဖြစ်နေတတ်၍ သေချာနားထောင်ပေးရန် လိုအပ်သည်။ မည်သူ့ကိုဖြစ်စေ ပေးထားသောကတိများကို အသေးအမွှားမှစ၍ ကတိတည်ရန်အထူးကြိုးစားရမည်။ ကတိတည်ခြင်းသည် အခြားသူများ၏ ယုံကြည်မှုကိုရစေသောအချက်အလက်ကြီးတစ်ခုဖြစ်သည်။ မည်သူ့ကိုမျှ မယုံကြည်ဘဲ အလုပ်များအားလုံးကို လက်ဝါးကြီးအုပ်လုပ်ကိုင်ခြင်းမျိုးကို ရှောင်ရမည်။

**အဖွဲ့အစည်းအတွင်းယုံကြည်မှု**

အဖွဲ့အစည်းအတွင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှုရှိရေးသည် အလွန်အရေးကြီးသောကိစ္စတစ်ခုဖြစ်သည်။ အချင်းချင်းသော်လည်းကောင်း၊ အထက်အောက်သော်လည်းကောင်း တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုပေးနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ အထူးသဖြင့် အထက်အောက် အပြန်အလှန်လေးစားယုံကြည်မှုရှိမှသာ အဖွဲ့အစည်းအတွင်း ညီညွတ်၍ အောင်မြင်သောအဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ လုပ်ငန်းအဖွဲ့အတွင်း ဗျူရိုကရေစီနည်းပါးပြီး လုပ်ပိုင်ခွင့်များကို အငယ်ဆုံးဝန်ထမ်းထိ ချမှတ်ပေးထားနိုင်လျှင် အပြန်အလှန်ယုံကြည်မှုကို ကောင်းစွာတည်ဆောက်နိုင်သည်။ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများသည်လည်း ဝန်ထမ်းများကို အထောက်အကူပြုရန်၊ ကူညီရန် ရေးဆွဲချမှတ်ထားနိုင်ရန် လိုအပ်သည်။ သတင်းအချက်အလက်များကိုလည်း တတ်နိုင်သမျှပွင့်လင်းမြင်သာမှုရှိစေရန် သတိပြုရမည်ဖြစ်သည်။

**ဈေးကွက်ယုံကြည်မှု**

ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းတစ်ခု၏ ဂုဏ်သိက္ခာ၊ နာမည်ကောင်းရှိမှု စသည်တို့သည် ဈေးကွက်အတွင်း ယုံကြည်မှုကိုပြဆိုသည်။ ကုန်အမှတ်တံဆိပ်ကို ဖောက်သည်များက ယုံကြည်သည်နှင့်အမျှ သစ္စာရှိဖောက်သည်များဖြစ်ထွန်းလာပြီး အခြားကုန်အမှတ်တံဆိပ်များကို သုံးစွဲခြင်းမရှိဘဲ မိမိကုန်အမှတ်တံဆိပ်နှင့် အမည်ကိုသာ လက်ခံသုံးစွဲသည်ထိ ယုံကြည်လာအောင် ယုံကြည်မှုကိုတည်ဆောက်နိုင်ရမည်။ မိမိလုပ်ငန်းအမည်ကိုတွေ့သည်နှင့် အရည်အသွေးပိုင်း၊ စိတ်ချရမှုအပိုင်းတွင် ရာနှုန်းပြည့်လက်ခံသည်ဆိုပါက ဈေးကွက်အတွင်းယုံကြည်မှုကို ရရှိပြီဖြစ်သည်။ မိမိဘက်မှလည်း ဈေးကွက်အတွင်းရှိ ဖောက်သည်များဖြစ်စေ၊ ရင်းနှီးမြှုပ်နှံသူများဖြစ်စေ၊ မိတ်ဖက်များဖြစ်စေ ယုံကြည်ကိုးစားမှုအပြည့်ဖြစ်ရန် အချိန်တိုင်းကြိုးစားဆောင်ရွက်နေရမည်။ အဓိကအားဖြင့် ဈေးကွက်အတွင်း ယုံကြည်မှုရရှိပြီဆိုလျှင် ရေရှည်တည်တံ့အောင်မြင်မှုရရှိမည်သာဖြစ်သည်။

**လူမှုအဖွဲ့အစည်းအတွင်းယုံကြည်မှု**

ဤအဆင့်သည် အကျယ်ပြန့်ဆုံးဖြစ်ပြီး ကုမ္ပဏီနှင့် နီးစပ်ရာအသိုင်းအဝိုင်းကိုကျော်လွန်၍ ရပ်ရွာလူထုများ၊ ကမ္ဘာလုံးဆိုင်ရာအချက်များတွင်ပါ ယုံကြည်ရသည့်အဆင့်ဖြစ်သည်။ ကုမ္ပဏီ သို့မဟုတ်

**စာမျက်နှာ ၅ သို့ ➔**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင် တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မုဒိတာစိတ်

- မုဒိတာ စိတ်ကလေး
  ကိုယ်စီမွေး နေထိုင်ပါ၊
  မေတ္တာကို ဖြန့်ကြက်ပွား
  ရှိုးသားရမှာ၊
  ကိုယ်စိတ်နှလုံး ဖြူစင်စွာ
  ကျင့်သုံးကာ ရှိစေဖို့၊
  အတ္တမာန် မာနမိုက်ကို
  တိုက်ဖျက်ပါစို့။

- ဒေါသသည် ပူလောင်ရ
  လူ့ဘောင်ဘဝ ခဏကွယ်၊
  ကိုယ်ချင်းစာ ဉာဏ်အသိက
  ပီတိရမယ်၊
  တန်ဖိုးထား ဆက်ဆံဖွယ်
  လောကဝယ် လူသားများ၊
  တစ်ပါးသူ အထင်မသေး
  လေးစားစို့လား။

- ကိုယ်နိုင်ရာ ပရအကျိုး
  သယ်ရွက်ပိုး ကျင့်ကြံလေ၊
  မှန်ကန်ရာ ဆိုစကားနဲ့
  ပြောကြားလျက်နေ၊
  အမှားမပြု အမှန်ဖွေ
  သာယာပါစေ ဘဝလမ်း၊
  ကိုယ်စိတ်နှစ်ဖြာ ကောင်းကျိုးပြည့်
  ပျော်မွေ့ရှင်လန်း။ ။

**မောင်စစ်သွေး**

# ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကျွန်းလှ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက ပဲစင်းငုံ ၁၁၅၄၄ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၄ ဒသမ ၁၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲစင်းငုံ ၁၁၅၄၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲစင်းငုံခင်းတွေ လက်ရှိ ကေအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှု အနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေးတို့ကို အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာ ပေးခဲ့ကြကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

လုပ်ငန်းတစ်ခုသည် ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာကြည့်ခြင်းမျိုး မဟုတ်ဘဲ လူအဖွဲ့အစည်းအသိုင်းအဝိုင်းတစ်ခုလုံးအတွက် အကျိုးပြုနိုင်သည့်အဆင့်မျိုးတွင်ရှိနေသည်ဟု စားသုံးသူများ၊ လုပ်သားပြည်သူများက ယုံကြည်သည့်အဆင့်ဖြစ်သည်။ လက်ရှိကမ္ဘာတွင် ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီအကျိုးကိုသာမက ကမ္ဘာမြေနှင့် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုမှုနှင့် လူမှုအသိုင်းအဝိုင်းအပေါ် အကျိုးပြုမှုများကိုကြည့်၍ ကုမ္ပဏီ၏အရည်အသွေးနှင့် ယုံကြည်ရမှုကို တိုင်းတာလာကြသည်။ ထို့ကြောင့် လှူဒါန်းမှုများအပါအဝင် လူမှုတာဝန်များကျေပွန်ခြင်း Corporate Social Responsibility-CSR များကိုလည်း ဆောင်ရွက်ပေးရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် အရောင်းအဝယ်များပြုလုပ်ရာ၌ ယုံကြည်မှုဖြင့် ရောင်းဝယ်ကြသည်ကို များသောအားဖြင့်တွေ့မြင်ရသည်။ အချို့သော ကုန်သည်များသည် အခြားမြို့ရွာမှ ကုန်သည်များထံမှ ကုန်ဝယ်ရာတွင် ဖုန်းဖြင့်ဆက်သွယ်၍ ကုန်ဖိုးပေးချေခြင်း၊ ကုန်ပစ္စည်းပေးပို့ခြင်းများကို ပြုလုပ်တတ်ကြသည်။ အဓိကအားဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှုဖြင့်လုပ်ကိုင်ကြခြင်းဖြစ်သည်။ ထို့ကြောင့် ရောင်းမှား၊ ဝယ်မှားဖြစ်၍ ကတိပျက်ခြင်းမျိုးကို တစ်ခါတစ်ရံကြုံကြိုက်ခြင်းများ တွေ့ရတတ်သည်။ ထိုသို့ဖြစ်ခြင်းမှာ မျက်စိမှိတ်ယုံကြည်တတ်ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ ထိုသို့မဖြစ်စေရန် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကို စမတ်ကျကျယုံကြည်မှုဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုထားသော်လည်း လိုအပ်သော စာရွက်စာတမ်းအထောက်အထား၊ လုပ်ထုံးလုပ်နည်းများအတိုင်းလည်း အထိုက်အလျောက်ဆောင်ရွက်ခြင်းမျိုးပြုလုပ်ရမည်ဖြစ်သည်။ ဖုန်းဖြင့် အလုပ်လုပ်ခြင်းသည် စီးပွားရေးအရှိန်အဟုန်ကို ရရှိစေသော်လည်း အချက်အလက်များ၊ အထောက်အထားများ၊ ကတိကဝတ်များကို သက်သေခံအထောက်အထားများရယူခြင်း၊ ပေးအပ်ထားခြင်းတို့ဖြင့် စမတ်ကျကျယုံကြည်မှုဖြစ်အောင်ဆောင်ရွက်သွားသင့်သည်။ သို့မှသာ ရေရှည်ယုံကြည်မှုကို အပြန်အလှန်တည်ဆောက်နိုင်မည်ဖြစ်သည်။ ယုံကြည်မှုသည် စီးပွားရေးအောင်မြင်မှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်မြင်မှု၊ အရှိန်အဟုန်မြင့်မားမှုတို့အတွက် အလွန်အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- Stephen Covey's The Speed of Trust

# သရက်မြို့နယ် သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက် ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းအိုင့်ကျေးရွာအုပ်စု သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သီးကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၁၁ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က မတည်ရန်ပုံငွေကျပ် ၁၀ သန်းဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၁ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆက်လှ**

# နိုင်ငံတကာ သတင်းများ

## အမေရိကန်သမ္မတနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အကြီးအကဲတို့ တွေ့ဆုံဆွေးနွေး



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်သည် ဝါရှင်တန်မြို့၌ ရောက်ရှိနေသော ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်းနှင့် ဖေဖော်ဝါရီ ၂၀ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိမ်ဖြူတော်၌ ကျင်းပခဲ့သည့် အဆိုပါဆွေးနွေးပွဲသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲတို့၏ ပထမဆုံးလူချင်းတွေ့ဆုံဆွေးနွေးပွဲလည်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံကို အမေရိကန်အဆင့်မြင့်နည်းပညာများ ရယူအသုံးချခွင့် ကန့်သတ်ခံထားရသော နိုင်ငံများစာရင်းမှ ပယ်ဖျက်ပေးမည်ဖြစ်ကြောင်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးစဉ် သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်းသည် သမ္မတဒေါ်နယ်ထရမ့်ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့ ဆွေးနွေးပွဲတက်ရောက်ရေးအတွက် ဝါရှင်တန်မြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၎င်း၏ထုတ်ကုန်များအပေါ် အမေရိကန်အစိုးရက အခွန်စည်းကြပ်မည့်အရေးကို ရှောင်ရှားရန်ကြိုးပမ်းလျက်ရှိသည်။

အမေရိကန်နိုင်ငံသည် ဗီယက်နမ် ထုတ်ကုန်များ၏ အကြီးမားဆုံးပြည်ပဈေးကွက်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂျာမနီဝန်ကြီးချုပ် ဖရက်ဒရစ်မားဇ် တရုတ်နိုင်ငံသို့ သွားရောက်မည်

**ဘာလင် ဖေဖော်ဝါရီ ၂၁**

ဂျာမနီဝန်ကြီးချုပ် ဖရက်ဒရစ်မားဇ်သည် လာမည့်ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံသို့သွားရောက်ရန် စီစဉ်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါခရီးစဉ်သည် ဖရက်ဒရစ်မားဇ်အတွက် ဂျာမနီဝန်ကြီးချုပ်ရာထူး ရယူပြီးနောက်ပိုင်း ပထမဆုံး တရုတ်နိုင်ငံခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

ဂျာမနီဝန်ကြီးချုပ် ဖရက်ဒရစ်မားဇ်အနေဖြင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် ပေကျင်းမြို့၌ တရုတ်နိုင်ငံဝန်ကြီးချုပ် လီချန်း၊ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်တို့နှင့် တွေ့ဆုံဆွေးနွေးမည် ဖြစ်ကြောင်း ဂျာမနီအစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ဂျာမနီဝန်ကြီးချုပ် ဖရက်ဒရစ်မားဇ်သည် တရုတ်အရှေ့တောင်ပိုင်း ဟန်ကျိုးမြို့သို့လည်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီနိုင်ငံသည် မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ခိုင်မာမှုကိုထိန်းထားရန် ကြိုးပမ်းခဲ့ပြီး တစ်ဖက်တွင်လည်း တရုတ်နိုင်ငံအပေါ်ကုန်သွယ်ရေးအရ မှီခိုနေရမှုကိုလျှော့ချနိုင်သည်။

ပြီးခဲ့သည့်နှစ်အတွင်း တရုတ်နိုင်ငံသည် ဂျာမနီနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ အဆင့်ကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း ဂျာမနီအစိုးရက ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

၂၀၂၅ ခုနှစ်အတွင်း တရုတ်နှင့် ဂျာမနီတို့ကြား အပြန်အလှန်ကုန်သွယ်မှုတန်ဖိုး ယူရိုငွေ ၂၅၁ ဒသမ ၈ ဘီလီယံထိရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တရုတ်နိုင်ငံသို့ သွားရောက်မည်



**နယူးယောက် ဖေဖော်ဝါရီ ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် လာမည့် မတ် ၃၁ ရက်မှ ဧပြီ ၂ ရက်ထိ တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၀ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း သမ္မတဒေါ်နယ်ထရမ့် အနေဖြင့် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်ရေး ပြဿနာများကို အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့သည် ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း တောင်ကိုရီးယားနိုင်ငံ၌ ပထမဆုံးအကြိမ် လူချင်းတွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲ၌ နှစ်နိုင်ငံကုန်သွယ်ရေးပြဿနာကို ယာယီရပ်နားထားရန် အမေရိကန်သမ္မတနှင့် တရုတ်သမ္မတတို့က သဘောတူထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံသို့ နောက်ဆုံးတစ်ကြိမ်သွားရောက်ခဲ့သည်။

အမေရိကန်သမ္မတ၏ တရုတ်ခရီးစဉ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးတို့က တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အရှေ့အလယ်ပိုင်းဒေသရှိ တပ်ဖွဲ့ဝင်အချို့ကို ပြန်လည်နေရာချရန် နော်ဝေတပ်မတော်စီစဉ်

**အော့စ်လို ဖေဖော်ဝါရီ ၂၁**

လုံခြုံရေး အခြေအနေများကြောင့် အရှေ့အလယ်ပိုင်းဒေသရှိ တပ်ဖွဲ့ဝင် ဦးရေ ၆၀ ခန့်အနက် အချို့ကို ပြန်လည်နေရာချမည်ဖြစ်ကြောင်း နော်ဝေတပ်မတော်က ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်း ဒေသ၌ အီရန်နှင့် အမေရိကန်နိုင်ငံတို့ကြား စစ်ရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် အရှေ့အလယ်ပိုင်းရှိ တပ်ဖွဲ့ဝင်အချို့ကို ပြန်လည်နေရာချရန် နော်ဝေတပ်မတော်က စီစဉ်ထားခြင်းဖြစ်သည်။

အီရန်နိုင်ငံအနေဖြင့် လာမည့် ၁၀ ရက်မှ ၁၅ ရက်အတွင်း နျူကလီးယားသဘောတူညီချက်ရယူမှုမရှိပါက ဆိုးရွားသည့်အကျိုးဆက်များနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။



အမေရိကန်နိုင်ငံက အီရန်ကို စစ်ရေးအရ တိုက်ခိုက်ခဲ့ပါက အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်စစ်စခန်းများကို ပြန်လည်တိုက်ခိုက်မည်ဖြစ်ကြောင်း အီရန်နိုင်ငံကလည်း ပြန်လည်ပြောကြားထားသည်။

နော်ဝေနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ၌ တပ်ဖွဲ့ဝင်ဦးရေ ၆၀ ခန့် စေလွှတ်တပ်စွဲထားပြီး အရှေ့အလယ်ပိုင်းဒေသရှိ တပ်ဖွဲ့ဝင်များကို မည်သည့်နေရာများသို့ ရွှေ့ပြောင်းနေရာချမည်ကို နော်ဝေတပ်မတော်က ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နိုင်ဂျီးရီးယား၌ လက်နက်ကိုင်များတိုက်ခိုက်မှုကြောင့် လူဦးရေ ၅၀ သေဆုံး၍ အများအပြား ပြန်ပေးဆွဲခံရ

**အဘူဂျာ ဖေဖော်ဝါရီ ၂၁**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဇမ်ဖာရာပြည်နယ် ကျေးရွာတစ်ရွာ၌ သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် လူဦးရေ ၅၀ သေဆုံးခဲ့ကြောင်း နိုင်ဂျီးရီးယား တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ တိုက်ခိုက်မှုသည် တန်ဂန်ဒူဘီကျေးရွာ၌ ဖေဖော်ဝါရီ ၁၉ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုက်ခိုက်မှုအတွင်း သေနတ်သမားများသည် ကျေးရွာတွင်းရှိ လူနေအိမ်များကို မီးရှို့ခဲ့ပြီး ပြေးလွှားနေကြသည့် ရွာသူရွာသားများကိုလည်း ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အမျိုးသမီးနှင့် ကလေးအများအပြားကိုလည်း သေနတ်သမားများက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဇမ်ဖာရာပြည်နယ် တာဝန်ရှိသူများက ပြောကြားထားသည်။

ဖမ်းဆီး ခေါ်ဆောင်ခံခဲ့ရသူအရေအတွက်ကို အတိအကျမသိရသေးဘဲ စိစစ်နေဆဲဖြစ်ကြောင်း ဇမ်ဖာရာပြည်နယ် ရဲတပ်ဖွဲ့က သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

နိုင်ဂျီးရီးယား အစိုးရအနေဖြင့် ပြည်တွင်း လုံခြုံရေးအခြေအနေပျက်ပြားလာမှုကို ထိန်းချုပ်နိုင်ရေးအတွက် ရုန်းကန်နေရကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## လကမ္ဘာ၏ ဘူမိလှုပ်ရှားမှုများက လငလျင်များကို ဖန်တီးပေးနေနိုင်ဆဲဖြစ်ကြောင်း သိပ္ပံပညာရှင်များ ပြောကြား



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

လကမ္ဘာ၏ ဘူမိလှုပ်ရှားမှုများသည် လငလျင်များကို ဖန်တီးပေးနေနိုင်ဆဲဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန် ဒီစီအင်စတီကျူမှ သိပ္ပံပညာရှင်များသည် လမျက်နှာပြင်ပေါ်ရှိ တွန့်ခေါက်မြေလွှာကြောများကို ပထမဆုံးအကြိမ်အဖြစ် မြေပုံရေးထုတ် လေ့လာခဲ့ကြကြောင်း သိရသည်။

ထိုသို့လေ့လာရာတွင် လောလောလတ်လတ် ပေါ်ထွက်ထားသည့် တွန့်ခေါက်မြေလွှာကြောသစ်များကို အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း သိရသည်။

သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂၅ သန်းခန့်သာ ရှိသေးသော အထက်ပါ တွန့်ခေါက်မြေလွှာကြောများသည် လကမ္ဘာအပေါ်ယံလွှာဘူမိဖိအားများကြောင့် ပေါ်ထွက်လာခြင်း ဖြစ်နိုင်ကြောင်း သိရသည်။

အထက်ပါ ဘူမိလှုပ်ရှားမှုကြောင့် ပေါ်ထွက်လာနိုင်သည့် လငလျင်များသည် အနာဂတ်လကမ္ဘာစူးစမ်းလေ့လာရေး လုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန်သိပ္ပံပညာရှင်များ ထပ်မံရှာဖွေတွေ့ရှိထားသော တွန့်ခေါက်မြေလွှာကြောအရေအတွက် ၁၁၀၀ ကျော်ထိ ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နာဆာက အားတီးမစ်-၂ မစ်ရှင်၏ SLS ဒုံးပျံကို ဒုတိယအကြိမ်အဖြစ် လောင်စာရည်ဖြည့်သွင်းမှုပြုလုပ်



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သည် အားတီးမစ်-၂ မစ်ရှင်၏ SLS ဒုံးပျံကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ဒုတိယအကြိမ်အဖြစ် လောင်စာရည်ဖြည့်သွင်းမှု ပြုလုပ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

SLS ဒုံးပျံယာဉ် ဒုတိယအကြိမ် လောင်စာရည် ဖြည့်သွင်းမှုမှာ အောင်မြင်မှုရှိခဲ့သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် SLS ဒုံးပျံယာဉ် လောင်စာရည်ဖြည့်သွင်းမှုကို ဖေဖော်ဝါရီ ၂ ရက်တွင် ပထမဆုံးအကြိမ်ပြုလုပ်ခဲ့ရာ လောင်စာရည်ယိုစိမ့်မှုများကြောင့် အချိန်မီဖျက်သိမ်းခဲ့ရသည်။

ဒုတိယအကြိမ် SLS ဒုံးပျံယာဉ် လောင်စာရည်ဖြည့်သွင်းမှု အောင်မြင်ခဲ့ခြင်းကြောင့် နာဆာအနေဖြင့် အားတီးမစ်-၂ မစ်ရှင်ကို မတ် ၆ ရက်တွင် လွှတ်တင်နိုင်ရေးအတွက် လမ်းပွင့်ခဲ့ပြီဖြစ်သည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မှူးလေးဦး လိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

၁၀ ရက်ကြာမြင့်မည့် အားတီးမစ်-၂ မစ်ရှင်အတွင်း SLS ဒုံးပျံသည် အိုရီယွန်အာကာသယာဉ်ကို လကမ္ဘာအနီးသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ဘဟားမားကျွန်းစုနိုင်ငံ ရေပြင်အတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း၊ အဆိုပါ ဖယ်လ်ကွန်-၉ ဒုံးပျံ ပင်မဒုံးယာဉ်သည် ဘဟားမားကျွန်းစုရေပြင်အတွင်း ပြန်လည်ဆင်းသက်ခဲ့သည့် ဒုတိယမြောက် ဖယ်လ်ကွန်-၉ ပင်မဒုံးယာဉ်ဖြစ်ကြောင်း၊ စပေ့စ်အိတ်၏ ဖယ်လ်ကွန်-၉ ဒုံးပျံတစ်စင်းသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဘဟားမားကျွန်းစုရေပြင်အတွင်း ဆင်းသက်ခဲ့ဖူးကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၀ ရက် မစ်ရှင်တွင် ဖယ်လ်ကွန်-၉ ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် လွှတ်တင်ပြီး ၆၄ မိနစ်ခန့်အကြာတွင် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင် အောင်မြင်မှုကြောင့် စပေ့စ်အိတ်၏ စတားလင့်ခ်ဂြိုဟ်တုကွန်ရက်၌ ဝန်ဆောင်မှုပေးနိုင်သည့် ဂြိုဟ်တုအစင်းရေ ၉၇၀၀ ခန့်ထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ဆဲလ်အတွင်းရှိ ပရိုတင်းတစ်မျိုးကိုပိတ်ပင်ခြင်းဖြင့် အူမကြီးကင်ဆာအခြေအနေကို ထိန်းပေးထားနိုင်

**ဆိုးလ် ဖေဖော်ဝါရီ ၂၁**

ဆဲလ်အတွင်းရှိ ပရိုတင်း တစ်မျိုးကို ပိတ်ပင်ခြင်းဖြင့် အူမကြီးကင်ဆာအခြေအနေကို ထိန်းပေးထားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၂၀ ရက်သတင်းများတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ NSMF ခေါ် မျိုးဗီဇတစ်မျိုးကို ပိတ်ပင်ခြင်းဖြင့် ကင်ဆာဆဲလ်များကြီးထွားမှုကို တားဆီးနိုင်ကြောင်း သိရသည်။

မိမိတို့၏ ဓာတ်ခွဲစမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ NSMF မျိုးဗီဇကို ပိတ်ပင်ထားလိုက်ချိန်တွင် အူမကြီးကင်ဆာဆဲလ်များကြီးထွားမှု နှေးကွေးသွားခြင်း သို့မဟုတ် လုံးဝရပ်တန့်သွားခြင်းကို တွေ့ရကြောင်း တောင်ကိုရီးယားသုတေသနပညာရှင်များက ပြောကြားသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သော လက်တွေ့လေ့လာစမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ NSMF မျိုးဗီဇတစ်မျိုးကို ဖယ်ရှားလိုက်ချိန်တွင် အူမကြီးကင်ဆာဆဲလ်များ ကြီးထွားလာမှု သိသိသာသာ ပိုနည်းလာကြောင်း သိရသည်။

အလားတူ NSMF မျိုးဗီဇဖယ်ထုတ်ထားသော ကြွက်များ၏ သက်တမ်းမှာလည်း အထက်ပါမျိုးဗီဇရှိနေသည့် ကြွက်များ၏ သက်တမ်းထက် ၃၃ ဒသမ ၅ ရာခိုင်နှုန်း ပို၍ရှည်လာသည်ကို တွေ့ရကြောင်း တောင်ကိုရီးယားသုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## လေ့ကျင့်ခန်းပြုလုပ်ပြီးချိန်တွင် နွားနို့သောက်ပေးပါက သက်ကြီးပိုင်းများ၏ အရိုးကျန်းမာရေးကို ကာကွယ်ပေးနိုင်

**ပေကျင်း ဖေဖော်ဝါရီ ၂၁**

လေ့ကျင့်ခန်း ပြုလုပ်ပြီးချိန်တွင် နွားနို့သောက်သုံးပေးပါက သက်ကြီးပိုင်းများ၏ အရိုးကျန်းမာရေးကို ကာကွယ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၂၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ သက်ကြီးလူဦးရေ မြင့်တက်လာချိန်တွင် ကြွက်သားထုနှင့်အရိုးသိပ်သည်းဆ ကျဆင်းလာမှုတို့သည် သက်ကြီးပိုင်းများတွင် အဓိကကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။

သို့ရာတွင် တရုတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လေ့ကျင့်ခန်းပြုလုပ်ပြီးနောက် နွားနို့တစ်ခွက်သောက်သုံးပါက သက်ကြီးပိုင်းများ၌ အရိုးပါးမှုပြဿနာ(Osteopenia)ပေါ်လာနိုင်ခြေကို တားဆီးရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သိရသည်။

နွားနို့တွင်ပါဝင်သည့် ပရိုတင်းဓာတ်သည် အရိုးကျန်းမာရေးကို အကျိုးပြုပြီး အရိုးများ၏ ကယ်လ်စီယမ်ဓာတ် စုပ်ယူနိုင်စွမ်းကိုလည်း အထောက်အကူ ပြုနိုင်ကြောင်း၊ တရုတ် သုတေသနပညာရှင်များသည် အသက် ၆၀ အထက် ကျန်းမာရေးကောင်းမွန်သူ ၈၂ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပဲလေ့စ်အသင်းက နည်းပြ ဂလက်နာ၏နေရာတွင် နည်းပြ ရော်ဘီကိန်းနှင့်အစားထိုးရန်ပြင်ဆင်

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

ပဲလေ့စ်အသင်းသည် ယခုနှစ် ဇန်နဝါရီလမှ လက်ရှိထိ ပြိုင်ပွဲစုံ ၁၅ ပွဲတွင် နိုင်ပွဲတစ်ပွဲသာရရှိထားသည့် နည်းပြ ဂလက်နာ၏နေရာတွင် စပါးအသင်းကစားသမားဟောင်း ရော်ဘီကိန်းနှင့်အစားထိုးရန် ပြင်ဆင်နေကြောင်း Talk Sports သတင်းဝက်ဘ်ဆိုက်က ယနေ့ တွင် ဖော်ပြခဲ့သည်။

အသက် ၄၅ နှစ်ရှိ စပါးအသင်းနှင့် အိုင်ယာလန်အသင်း ဂန္တဝင်ကစားသမားဟောင်း နည်းပြ ရော်ဘီကိန်းသည် လက်ရှိတွင် ဟန်ဂေရီကလပ် ဖီရမ်ဗားရို့စ်အသင်းကို တာဝန်ယူကိုင်တွယ်နေသူဖြစ်ပြီး ၎င်းတာဝန်ယူစဉ်ကာလအတွင်း ဖီရမ်ဗားရို့စ်အသင်းအနေဖြင့် အဓိကဆုဖလားတစ်လုံး ရရှိခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင်လည်း အမှတ်ပေးဇယား ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပြီး ယူရိုပါလိဂ်၌ ပြိုင်ပွဲဝင်ခွင့်ရရှိရန် နီးစပ်နေကြောင်း သိရသည်။

ထို့ကြောင့် ပဲလေ့စ်အသင်း ဘုတ်အဖွဲ့က ယူရိုပါကွန်ဖရင့်လိဂ် ရှုံးထွက်ပွဲစဉ်တွင် ဇရင်စကီးအသင်းကို တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီးနောက် နည်းပြ ဂလက်နာ၏ နည်းဗျူဟာကို နှစ်သက်ခြင်းမရှိတော့ဘဲ နည်းပြ ရော်ဘီကိန်းနှင့် အစားထိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အလားတူ နည်းပြဂလက်နာ နောက်ဆုံးကိုင်တွယ်ခဲ့သည့်ပြိုင်ပွဲစုံ ၁၀ ပွဲတွင် ငါးပွဲရှုံး၊ လေးပွဲသရေ၊ တစ်ပွဲနိုင် ရလဒ်သာရရှိခဲ့သောကြောင့် ပဲလေ့စ်အသင်းက ၎င်း၏ နေရာတွင် နည်းပြရော်ဘီကိန်းနှင့် အစားထိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

Ref : Talk Sports
Trs : ML



# ကွင်းလယ်ဒိုင်ကို ပြင်းထန်စွာစောဒကတက်ခဲ့သည့် ဆီဗီလာအသင်းနည်းပြ အယ်လ်မေးဒါး ခုနစ်ပွဲထိ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

**မက်ဒရစ် ဖေဖော်ဝါရီ ၂၁**

ဆီဗီလာအသင်း နည်းပြ အယ်လ်မေးဒါးသည် ကွင်းလယ်ဒိုင်ကို ပြင်းထန်စွာစောဒကတက်ခဲ့သည့်အတွက် ခုနစ်ပွဲထိ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရကြောင်း Fot-mob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၂၄) အဖြစ်ကစားခဲ့သည့် ဆီဗီလာ အသင်းနှင့် အလာဗက်အသင်းတို့ ပွဲစဉ်တွင် နည်းပြ အယ်လ်မေးဒါးသည် ကွင်းလယ်ဒိုင်၏ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး ကျေနပ်မှုမရှိသည့်အတွက် ပြင်းပြင်းထန်ထန် စောဒကတက်ခဲ့ရာ အနီကတ်ပြသခံခဲ့ရသည်။

ထို့နောက် နည်းပြ အယ်လ်မေးဒါးသည် အနီကတ်ပြသခံခဲ့ရသည့်အချိန်တွင်လည်း ကွင်းအတွင်းမှ မထွက်ခွာဘဲ ကွင်းလယ်ဒိုင်ကို ရိုင်းပျစွာပြောဆိုပြီး ထပ်မံစောဒကတက်ခဲ့သည့်အတွက် စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ခုနစ်ပွဲထိ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

နည်းပြ အယ်လ်မေးဒါးကို စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကွင်းလယ်ဒိုင်ကို စောဒကတက်ခဲ့သည့် ပြစ်မှုအတွက် နှစ်ပွဲပယ်ပြစ်ဒဏ်၊ အနီကတ်ပြထုတ်ပယ်ခံရသည့်အချိန်တွင် ကွင်းအတွင်းမှ မထွက်ခွာသည့်အတွက် တစ်ပွဲပယ်ပြစ်ဒဏ်၊ ကွင်းလယ်ဒိုင်၏အရည်အသွေးပေါ်ဝေဖန်ခဲ့သည့်အတွက် သုံးပွဲပယ်ပြစ်ဒဏ်၊ ကွင်းလယ်ဒိုင်ကို ရိုင်းပြစွာပြောဆိုမှုအတွက် တစ်ပွဲပယ်ပြစ်ဒဏ် စုစုပေါင်း ခုနစ်ပွဲပယ် ပြစ်ဒဏ် ချမှတ်ခံခဲ့ရခြင်းဖြစ် ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# Qatar Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ကမ္ဘာ့အဆင့်(၁) စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ် တက်လှမ်း



**ဒိုဟာ ဖေဖော်ဝါရီ ၂၁**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် Qatar Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ရုရှားတင်းနစ်ကစားသမား ရူဘလက်ဖ်တို့ယှဉ်ပြိုင်ခဲ့ရာ အယ်ကာရက်ဇ်က (၆-၄၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်နှင့် ရူဘလက်ဖ်တို့သည် မကြာခဏပြိုင်ပွဲများတွင် တွေ့ဆုံလေ့ရှိသကဲ့သို့ ခေတ်ပြိုင်ကစားသမားများ ဖြစ်ကြသည့်အတွက် ပြိုင်ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။

ပထမပွဲငယ်တွင် ရူဘလက်ဖ်က အမှားများခဲ့ပြီး ဒုတိယပွဲငယ်တွင် အမှားများကို ပြင်ဆင်နိုင်ခဲ့သော်လည်းtie-break အဆင့်တွင် အယ်ကာရက်ဇ်ကို ရှုံးနိမ့်ခဲ့ရသည်။

အယ်ကာရက်ဇ်က "ဒီပြိုင်ပွဲမှာ ပွဲစဉ်တိုင်း ပွဲတစ်ပွဲချင်းစီကို ချဉ်းကပ်တဲ့ပုံစံက အဆင်ပြေလာပါပြီ။ ဒီလိုအဆင်ပြေအောင် ချဉ်းကပ်နိုင်လို့လဲ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူပါတယ်။ တစ်နေ့ထက်တစ်နေ့ပိုကောင်းအောင် ကစားနိုင်ဖို့လဲ ကျွန်တော်အကောင်းဆုံး ကြိုးစားနေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN
Trs : AZL

# US PGA Tour Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီး ဘရစ်ချ်မန်းနှင့် ပန်ဂီတို့က အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၂၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျယ်လိစ်ကောင်တီတွင် ကျင်းပနေသည့် US PGA Tour Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရစ်ချ်မန်းနှင့် အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ပန်ဂီတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီရှိုင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား အာဒမ်စကော့နှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နေသည်။

ပန်ဂီက "Swing ရိုက်ချက်တွေက ပုံမှန်ကျွန်တော်လုပ်နိုင်တဲ့ ပုံစံမျိုးပဲဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဒီပြိုင်ပွဲမှာကစားထားနိုင်တဲ့ စွမ်းဆောင်ရည်က အကောင်းဆုံးလို့ သတ်မှတ်နိုင်တယ်။ ဒါကလဲ Swing ရိုက်ချက်တွေ ကောင်းနေလို့ အခုလို ရလဒ်ကောင်းရတာလို့ ထင်မိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic
Trs : AZL





# ဥရောပထိပ်တန်းကလပ်များခေါ်ယူရန်ကြိုးပမ်းနေသည့် ခါရယ်ကို စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ဘိုင်ယန်မြူးနစ်အသင်းကြိုးပမ်း



**ဘာလင် ဖေဖော်ဝါရီ ၂၁**

ဘိုင်ယန်မြူးနစ် အသင်းသည် ဥရောပထိပ်တန်း ကလပ်များက ခေါ်ယူရန် ကြိုးပမ်းနေသည့် လူငယ်ကစားသမား ခါရယ်ကို ဆက်လက်ထိန်းသိမ်းရန် စာချုပ်သစ်ချုပ်ဆိုရန်ပြင်ဆင်နေကြောင်း Goal.Com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ခါရယ်ကို ကွင်းလယ်တိုက်စစ်ပိုင်းတွင် အနာဂတ်စီမံကိန်းအတွက် အသုံးပြုရန်စိစဉ်ထားပြီး လာမည့် ရက်ပိုင်းအတွင်း လေးနှစ်သက်တမ်း စာချုပ် ထပ်မံချုပ်ဆိုနိုင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိတွင် အာဆင်နယ်အသင်း၊ လီဗာပူးအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ ပီအက်စ်ဂျီအသင်းတို့ကဲ့သို့ ဥရောပထိပ်တန်း ကလပ်အသင်းများက ခေါ်ယူရန် ကမ်းလှမ်းမှုများ ရှိလာချိန်တွင် ၎င်း၏အေးဂျင့်ဖြစ်သူက ကမ်းလှမ်းမှုများကိုငြင်းပယ်၍ ကစားသမားအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းတွင်သာ ဆက်လက်ကစားမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

ခါရယ်သည် ဘိုင်ယန်မြူးနစ်အသင်း အကယ်ဒမီထွက်တစ်ဦးဖြစ်ပြီး ပြီးခဲ့သည့်နှစ်မှအသင်းနှင့် စတင်ပူးပေါင်းခဲ့ကာ ပြိုင်ပွဲစုံ ၃၁ ပွဲတွင် သွင်းဂိုးခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# ONE Championship Friday Fights 143 အက်တမ်ဝိတ်တန်း မွေထိုင်းစိန်ခေါ်ပွဲတွင် ဘရော်နီကာက ရှီးကိုဟန်ကို အနိုင်ရရှိ




**ဗန်ကောက် ဖေဖော်ဝါရီ ၂၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ONE Championship Friday Fights 143 အက်တမ်ဝိတ်တန်းမွေထိုင်း စိန်ခေါ်ပွဲတွင် မြန်မာနိုင်ငံသူ ဘရော်နီကာနှင့် အစ္စရေးနိုင်ငံသူ ရှီးကိုဟန်တို့ ထိုးသတ်ခဲ့ရာ ဘရော်နီကာက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း One FC သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အက်တမ်ဝိတ်တန်း မွေထိုင်း ချန်ပီယံကို စိန်ခေါ်ခွင့်ရမည့် အခွင့်အရေးအတွက် ထိုးသတ်ခဲ့သော စိန်ခေါ်ပွဲဖြစ်ပြီး အနိုင်ရခဲ့သည့် ဘရော်နီကာအနေဖြင့် လက်ရှိချန်ပီယံကို စိန်ခေါ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၂၉ နှစ်ရှိ ဘရော်နီကာနှင့် အသက် ၂၅ နှစ်ရှိ ရှီးကိုဟန်တို့ကြား ဘရော်နီကာက ဝါရင့်ဖိုက်တာ ဖြစ်သည့်အလျောက် အတွေ့အကြုံပိုများသည့်အတွက် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဘရော်နီကာက "အနိုင်ရလဒ်နဲ့ပတ်သက်ပြီး အရမ်းပျော်ပါတယ်။ ကိုယ်တိုင်လဲ ပျော်ရွှင်ရသလို ကိုယ့်ကိုချစ်လို့အားပေးတဲ့ ပရိသတ်တွေလဲ ပျော်နေမယ်လို့ မျှော်လင့်ပါတယ်။ ဒီပွဲက ထင်မှတ်ထားသလိုရလဒ်မျိုးတော့မဟုတ်ခဲ့ပါဘူး။ ဒီထက်ပိုလုပ်နိုင်မယ်လို့ မျှော်လင့်မိခဲ့တယ်။ အတတ်နိုင်ဆုံးတော့ အကောင်းဆုံး ကြိုးစားခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : One FC

Trs : AZL

# ရိုဒရီ၏ဒဏ်ရာ ပြန်လည်သက်သာလာခဲ့ကြောင်း မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာ ပြောကြား

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၁**

မန်စီးတီးအသင်း၏ ကွင်းလယ်ကစားသမား ရိုဒရီသည် ကာလရှည် ဒဏ်ရာရရှိခဲ့သော်လည်း ယခုအခါ ဒဏ်ရာအခြေအနေမှာ မျှော်မှန်းထားသည့် အချိန်ကာလထက်စော၍ ပြန်လည်သက်သာလာခဲ့ကြောင်း အသင်းနည်းပြ ဂွာဒီယိုလာမှ ထုတ်ဖော်ပြောကြားခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုဒရီသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလက ဒူးအရွတ် ဒဏ်ရာရခဲ့သဖြင့် ကာလရှည် အနားယူခဲ့ရပြီးနောက် ၂၀၂၅ ခုနှစ် မေလမှ အသင်းနှင့်ပြန်လည် ပူးပေါင်းခဲ့ရာ ကြွက်သားဒဏ်ရာ ထပ်မံရခဲ့သောကြောင့် ပြိုင်ပွဲများနှင့်ထပ်မံလွဲချော်ခဲ့ရပြီး လက်ရှိတွင် ကြွက်သားဒဏ်ရာမှာ မျှော်မှန်းထားသည့် အချိန်ကာလထက် အမြန်ဆုံး ပြန်လည်သက်သာလာခဲ့ပြီး မကြာမီအသင်းနှင့်ပြန်လည် ပူးပေါင်းနိုင်မည်ဟု နည်းပြဂွာဒီယိုလာက ပြောကြားခဲ့သည်။

နည်းပြဂွာဒီယိုလာက "ကစားသမားတစ်ယောက်အနေနဲ့ ဒဏ်ရာက ပြန်လည်ကောင်းမွန်ဖို့အတွက် အချိန်ကာလတစ်ခုတော့ ပေးရပါတယ်။ ဒါပေမဲ့ ရိုဒရီကတော့ ဘာနာဒိုဆေးဗား၊ ဖိုဒန်တို့လိုဘဲ ဒဏ်ရာကနေအမြန်ဆုံးသက်သာလာခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ လေ့ကျင့်ရေးကွင်းမှာရောသူ့ရဲ့အခြေအနေဟာ တိုးတက်မှုတွေရှိနေပါတယ်။ သူဟာအရမ်းတော်တဲ့ကစားသမားတစ်ယောက်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML




# အာဆင်နယ်အသင်းက ဒဏ်ရာပြဿနာများနှင့်ရုန်းကန်နေရသည့် ကာလာဖီအိုရီကို ပြန်လည်ရောင်းချရန်ဆုံးဖြတ်

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

အာဆင်နယ်အသင်းက ယခုနှစ်ဘောလုံးရာသီတွင် မကြာခဏ ဒဏ်ရာပြဿနာများနှင့် ရုန်းကန်နေရသည့် ခံစစ်ကစားသမား ကာလာဖီအိုရီကိုလာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် ပြန်လည်ရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ကာလာဖီအိုရီသည် ၂၀၂၄ ခုနှစ်က ဘိုလေ့ဂ်နာအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီး အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့သူဖြစ်သည်။

သို့သော် ကစားသမားအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်နေရပြီးနောက် ပုံမှန်ခြေစွမ်းပြသနိုင်ရန်လည်း ရုန်းကန်နေရသည့်အတွက် အသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကာလာဖီအိုရီကို ရောင်းချရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကာလာဖီအိုရီသည် ပြီးခဲ့သည့် ဝုဗ်အသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်တွင်လည်း ပွဲပြီးဆုံးခါနီး၌ ကိုယ်ဂိုးကိုယ်သွင်းယူခဲ့မိသည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသူဖြစ်သည်။

ကာလာဖီအိုရီသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၆ ပွဲတွင် သွင်းဂိုးတစ်ဂိုးသာ သွင်းယူထားကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# ချဲလ်ဆီးအသင်းနှင့် IFS ကုမ္ပဏီတို့ ဂျာစီရင်ဘက်စပွန်ဆာ စာချုပ်အတွက် သဘောတူညီမှုရရှိ

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

ချဲလ်ဆီးအသင်းနှင့် AI နည်းပညာကုမ္ပဏီဖြစ်သည့် IFS ကုမ္ပဏီတို့သည် ယခုနှစ်ဘောလုံးရာသီ အကုန်မှစတင်ပြီး ဂျာစီရင်ဘက်စပွန်ဆာအဖြစ် လက်တွဲရန်အတွက် သဘောတူညီမှုရခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် ၂၀၂၃ ခုနှစ်က ရင်ဘက်စပွန်ဆာဖြစ်သည့် Three ကုမ္ပဏီနှင့် လမ်းခွဲခဲ့ကာ Infinite Athlete၊ Damac စသည့် ကုမ္ပဏီများနှင့် ကာလတိုလက်တွဲခဲ့သော်လည်းနောက်ပိုင်းတွင် ဂျာစီစပွန်ဆာမရှိခဲ့ဘဲ ကျော်ဖြတ်ခဲ့ရပြီးနောက် ယခုအခါ IFS ကုမ္ပဏီနှင့် ရင်ဘက်စပွန်ဆာ စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းနှင့် IFS ကုမ္ပဏီတို့သည် ယခုနှစ်ဘောလုံးရာသီ အကုန်မှသာ စပွန်ဆာစာချုပ်ချုပ်ဆိုမည်ဖြစ်သော်လည်း ယခုရက်သတ္တပတ်အတွင်းကျင်းပမည့် ပွဲစဉ်များတွင် ချဲလ်ဆီးအသင်းသည် IFS တံဆိပ်ပါ ဂျာစီများကို စတင်ဝတ်ဆင်ကစားမည်ဖြစ်ပြီး အမျိုးသားအသင်းအပြင် အမျိုးသမီးအသင်းနှင့် လူငယ်အသင်းများလည်း IFS တံဆိပ်ပါ ဂျာစီများကို ဝတ်ဆင်ကစားကြမည်ဖြစ်သည်။

ချဲလ်ဆီးအသင်းနှင့် IFS ကုမ္ပဏီတို့သည် ဂျာစီစပွန်ဆာ သက်တမ်းကို ၂၀၂၈ ခုနှစ်ထိချုပ်ဆိုမည်ဖြစ်သော်လည်း စာချုပ်တန်ကြေးကို ဖော်ပြခြင်းမရှိသေးဘဲ စာချုပ်လက်မှတ် ရေးထိုးမှသာ အတည်ပြု ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

Ref : One Football

Trs : STA

# အေတီကိုအသင်းက အယ်ဗာရက်ဇ်အတွက် မြင့်မားသည့်ပြောင်းရွှေ့ကြေး သတ်မှတ်ခဲ့သောကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူမည့်အစီအစဉ်ကိုဖျက်သိမ်း

**ဘာစီလိုနာ ဖေဖော်ဝါရီ ၂၁**

ဘာစီလိုနာအသင်းက လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အယ်ဗာရက်ဇ်ကိုခေါ်ယူရန် ကြိုးပမ်းနေသော်လည်း အေတီကိုအသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် သတ်မှတ်ခဲ့သည့်အတွက် ခေါ်ယူမည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




အသက် ၂၆ နှစ်ရှိ အယ်ဗာရက်ဇ်သည် ၂၀၂၄ ခုနှစ် မန်စီးတီးအသင်းမှ အေတီကိုအသင်းထံ ပြောင်းရွှေ့ခဲ့ပြီး အသင်းတွင် နှစ်ရာသီ ကစားခဲ့ပြီးနောက် လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင် အသင်းမှ ပြန်လည်ထွက်ခွာရန်ဆုံးဖြတ်ထားသူဖြစ်သည်။

အယ်လ်ဗာရက်ဇ်ကို ဘာစီလိုနာအသင်းကခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း အေတီကိုအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀၀ ဖြင့် ကမ်းလှမ်းမှုလုပ်ဆောင်မှသာ လက်ခံဆွေးနွေးမည်ဟု အတည်ပြုခဲ့ပြီးနောက် ဘာစီလိုနာအသင်းက အသင်းငွေကြေးပိုင်းအခက်အခဲကြုံနေသည့်အတွက် အယ်ဗာရက်ဇ်ကိုခေါ်ယူမည့် အစီအစဉ်ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

အေတီကိုအသင်းနှင့် အယ်ဗာရက်ဇ်တို့ စာချုပ်သက်တမ်းမှာ ၂၀၂၉ ခုနှစ်မှသာ ကုန်ဆုံးမည်ဖြစ်ပြီး အေတီကိုအသင်းက လက်မလွှတ်လိုသည့်အတွက် မြင့်မားသည့်ပြောင်းရွှေ့ကြေးသတ်မှတ်ကာ အသင်းတွင် ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အယ်ဗာရက်ဇ်ကို ဘာစီလိုနာအသင်းကခေါ်ယူမည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့သော်လည်း ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းကြီးများက အပြိုင်ကမ်းလှမ်းလာဖွယ်ရှိနေကြောင်း သိရသည်။

Ref : One Football

Trs : STA

# လူငယ်နှင့် မူးယစ်ဆေးအန္တရာယ်

စိန်ငွေးလှိုင်(ပခုက္ကူ)

မြန်မာမှုနယ်ပယ်မှာ အသက် ၁၅ နှစ်ကနေ ၃၅ နှစ်အတွင်းကို လူငယ်လို့ သတ်မှတ်ထားရှိပါတယ်။ လူငယ်ဆိုတဲ့စကားအတိုင်း ငယ်ရွယ်နုပျိုမှု၊ သွက်လက်ဖျတ်လတ်မှု၊ စူးစမ်းလေ့လာလိုစိတ်ရှိမှု၊ ကာယအား၊ ဉာဏအားတို့ အပင်ပန်းခံနိုင်မှုစတဲ့ အရည်အချင်းတွေရှိကြပါတယ်။ လူငယ်တွေမှာ နိုင်ငံတော်ရဲ့ စွမ်းအားသစ် သားကောင်းရတနာတွေ ဖြစ်ကြပါတယ်။ အနာဂတ်နိုင်ငံတော်ရဲ့ တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ရမဲ့ သူတွေလဲဖြစ်ပါတယ်။ လူတွေကြောင့် ဖြစ်ပေါ်တဲ့ပဋိပက္ခတွေ၊ သဘာဝဘေးအန္တရာယ်တွေနဲ့ရောဂါတွေ စတဲ့ပြဿနာတွေကို ဖြေရှင်းဆောင်ရွက်ရာမှာ လူငယ်တွေရဲ့ စွမ်းအားဟာ အရေးပါလျက်ရှိပါတယ်။

လူငယ်တွေမှာ ဒေသန္တရအရေး၊ မိမိနိုင်ငံ့အရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် လေ့လာရပါမယ်။ လေ့လာမှုကရရှိတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကို သင်ခန်းစာယူပြီး စွမ်းဆောင်ရည်ပြည့်ဝသူတွေဖြစ်အောင် ကြိုးစားကြရမှာက လူငယ်တိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ အပြောင်းအလဲတွေကို ဖော်ဆောင်ရာမှာ လူငယ်တွေရဲ့စည်းလုံးမှု၊ ဦးဆောင်ပေးနိုင်မှုတို့နဲ့ စနစ်တကျပါဝင်နိုင်ရပါမယ်။ လူငယ်တိုင်းမှာ ကိုယ်ခန္ဓာစွမ်းအားဖြစ်တဲ့ ကာယဗလ၊ ဉာဏ်ရဲ့စွမ်းအားဖြစ်တဲ့ ဉာဏဗလ၊ အကျင့်ကောင်း၊ အကျင့်မြတ်ရဲ့စွမ်းအားဖြစ်တဲ့ စာရိတ္တဗလ၊ မိတ်ကောင်းရှိခြင်းရဲ့ စွမ်းအားဖြစ်တဲ့ မိတ္တဗလ၊ ဥစ္စာပေါများခြင်းရဲ့ စွမ်းအားဖြစ်တဲ့ ဘောဂဗလဆိုတဲ့ ဗလငါးတန်နဲ့ ပြည့်စုံနေရပါမယ်။

တစ်နည်းဆိုရရင် ကျန်းမာကြံ့ခိုင်မှုရှိရပါမယ်။ ကျန်းမာကြံ့ခိုင်မှုရှိမှသာ မိမိအကျိုး၊ သူတစ်ပါးအကျိုးကို လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ရပါမယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေကို မိမိအသိဉာဏ်နဲ့ ချိန်ဆပြီး မှန်မှန်ကန်ကန်တွေးခေါ် ရှုမြင်ရပါမယ်။ ပညာဗဟုသုတရှာမှီးရပါမယ်။ မလုပ်ဖို့ တားမြစ်ထားတာကို မလုပ်တာ၊ လုပ်သင့်လုပ်ထိုက်တာကို ပြုလုပ်တာဆိုတဲ့ အကျင့်စာရိတ္တကောင်းလဲ ရှိသင့်ပါတယ်။ မိမိအကျိုးကို ဆောင်ရွက်ပေးတဲ့ မိတ်ဆွေကောင်းလဲ ရှိရပါမယ်။ မိမိဘဝခရီးတစ်လျှောက် နေထိုင်လုပ်ကိုင်စားသောက်ရာမှာ ပညာတတ်မှု၊ စည်းစိမ်ဥစ္စာရှိမှုဆိုတာက အရေးပါလျက်ရှိပါတယ်။ ဒါကြောင့် လူငယ်တွေက မိမိတို့ဘဝ တိုးတက်အောင်လုပ်ဆောင်ရပါမယ်။

လူငယ်တွေရဲ့ ဘဝတိုးတက်ရေးကို အဟန့်အတားဖြစ်စေတဲ့ အရာတွေထဲမှာ မူးယစ်ဆေးဟာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ မူးယစ်ဆေးဆိုသည်မှာ သုံးစွဲသူရဲ့စိတ်ကို ကြာမြင့်စွာစွဲလမ်းစေပြီး စိတ်အာရုံထွေပြားမှုရှိစေတဲ့ အရည်၊ အမှုန့်နဲ့ အစိုင်အခဲတို့ကို ခေါ်ဆိုပါတယ်။ ဒ့ါပြင် ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးဖြစ်တယ်လို့ တရားဝင်ကြေညာထားတဲ့ အပင်တစ်မျိုးမျိုး၊ အပင်က ထွက်ရှိတဲ့ပစ္စည်း၊ ပြုပြင်ထုတ်လုပ်တဲ့အရာနဲ့ ဆေးဝါးတွေကိုလဲ မူးယစ်ဆေးလို့ ခေါ်ဆိုကြပါတယ်။ မူးယစ်ဆေးမှာ ဘိန်း၊ ဘိန်းဖြူနဲ့ စိတ်ကြွဆေးပြားတို့ ဖြစ်ကြပါတယ်။

မူးယစ်ဆေးဟာ သုံးစွဲနေစဉ်အချိန်မှာ စိတ်ခတ်တက်ကြွမှု၊ အလွန်အမင်းလန်းဆန်းမှု၊ စိတ်ကူးကွန့်မြူးလွယ်မှုနဲ့ လွတ်လပ်ပေါ့ပါးမှု စတာတွေကို ခံစားရတာကြောင့် သုံးစွဲသူကို စွဲလမ်းစေပါတယ်။ နောက်ပိုင်းမှာတော့ မူးယစ်ထုံထိုင်းစေပြီး စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာကို ထိခိုက်စေပါတယ်။ ဒါကြောင့် ကုလသမဂ္ဂက မူးယစ်ဆေးဝါးသည် လူသားတစ်မျိုးနွယ်လုံး ရင်ဆိုင်နေရသည့်ပြဿနာလို့ အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ ကမ္ဘာပေါ်မှာ မူးယစ်ဆေး သုံးစွဲတဲ့အရွယ်မှာ ကိုးနှစ်အရွယ်က စတင်ကြောင်း ကောက်ယူရရှိတဲ့ စစ်တမ်းတွေအရ သိရှိရပါတယ်။

> ❖ မူးယစ်ဆေးပြဿနာဟာ လူငယ်တွေရဲ့ လူနေမှုဘဝကို ထိခိုက်စေပါတယ်။ လူငယ်တွေရဲ့ ဆင်ခြင်တုံတရား၊ ကာယအားနဲ့ ဉာဏအားတို့ကို ပျက်စီးစေပါတယ်။ မူးယစ်ဆေးသုံးစွဲမှုက လူငယ်တစ်ယောက်ရဲ့တိုးတက်မှုကို အောက်ဆုံးအဆင့်ထိ နိမ့်ကျအောင် လုပ်ဆောင်နိုင်ရုံသာမက အသက်ကိုဆုံးရှုံးစေသည်ထိ ဖြစ်စေပါတယ်။ ဒါတင်မကသေးပါဘူး။ လူငယ်တွေရဲ့ ကျန်းမာရေးကိုထိခိုက်စေတဲ့ အရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်းယာ၊ စိတ်ကိုပြောင်းလဲစေတဲ့ စိတ်ကြွဆေးတို့မှာ လူငယ်ထုကို တိတ်တဆိတ်ခြိမ်းခြောက်နေပါတယ်။ ❖

မူးယစ်ဆေးပြဿနာဟာ လူငယ်တွေရဲ့လူနေမှုဘဝကို ထိခိုက်စေပါတယ်။ လူငယ်တွေရဲ့ ဆင်ခြင်တုံတရား၊ ကာယအားနဲ့ ဉာဏအားတို့ကို ပျက်စီးစေပါတယ်။ မူးယစ်ဆေးသုံးစွဲမှုက လူငယ်တစ်ယောက်ရဲ့တိုးတက်မှုကို အောက်ဆုံးအဆင့်ထိ နိမ့်ကျအောင် လုပ်ဆောင်နိုင်ရုံသာမက အသက်ကို ဆုံးရှုံးစေသည်ထိ ဖြစ်စေပါတယ်။ ဒါတင်မကသေးပါဘူး။ လူငယ်တွေရဲ့ ကျန်းမာရေးကို ထိခိုက်စေတဲ့ အရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်းယာ၊ စိတ်ကိုပြောင်းလဲစေတဲ့ စိတ်ကြွဆေးတို့မှာ လူငယ်ထုကို တိတ်တဆိတ်ခြိမ်းခြောက်နေပါတယ်။ မူးယစ်ဆေး ထုတ်လုပ်ရောင်းဝယ်သူတွေဟာ လူငယ်တွေရဲ့ဘဝရှင်သန်မှုကို မျက်ကွယ်ပြုတဲ့ ဝိသမလောဘသားတွေဖြစ်ကြသလို လူသားမျိုးနွယ်စုတွေရဲ့ ရန်သူဖြစ်ပါတယ်။

လူငယ်ဆိုတာက စူးစမ်းလိုတဲ့ စိတ်ရှိပါတယ်။ စူးစမ်းလိုတဲ့စိတ်ဟာ ကောင်းကျိုးပြုသလို ဆိုးကျိုးလဲပြုနိုင်ပါတယ်။ သူငယ်ချင်း အပေါင်းအသင်းရဲ့ ဆွဲဆောင်မှုကို မလွန်ဆန်နိုင်တာ၊ မိသားစုအိမ်တွင်းရေးပြဿနာမပြေလည်တာ၊ လူမှုရေးပြဿနာ ရှိနေတာနဲ့ မူးယစ်ဆေးအန္တရာယ်ကို မသိတာတို့ကြောင့် မူးယစ်ဆေးသုံးစွဲရာမှ စွဲလမ်းသွားတတ်ပါတယ်။ ဒါပေမဲ့ ဘယ်သူမပြုမိမိမှု ဆိုသလို မိမိစိတ်ကသာ အဓိကဖြစ်ပါတယ်။ မူးယစ်ဆေး သုံးစွဲသူတွေ များပြားလာမယ်ဆိုရင် ရာဇဝတ်မှုခင်းတွေလဲ ပိုမိုဖြစ်ပေါ်လာနိုင်ပါတယ်။

လူငယ်တွေက ကော်ရူးတာ၊ ခတ်ဆီရူးတာ စတဲ့နည်းလမ်းတွေကနေတစ်ဆင့် မူးယစ်ဆေး အရသာကို ရှာဖွေခံစားတတ်ကြပါတယ်။ ဒါကြောင့် မူးယစ်ဆေးဟာ ငွေကြေးသုံးစွဲနိုင်တဲ့ လူငယ်တချို့ကြားမှာသာမကဘဲ ငွေကြေးမပြည့်စုံတဲ့ လူငယ်တချို့ကြားကိုပါ ထိုးဖောက်ရောက်ရှိနေပါတယ်။ တိုးတက်နေတဲ့ ယနေ့ကာလမှာ မူးယစ်ဆေးဆိုတာက စိုက်ခင်းမလိုဘဲ ခတ်ခွဲခန်းတစ်ခုရှိရုံမျှနဲ့ ပစ္စည်းအရေအတွက် သိန်းပေါင်းများစွာ ထုတ်လုပ်နိုင်တဲ့စိတ်ကြွဆေးမှာ ဝိသမလောဘသားတွေရဲ့ သည်းခြေကြိုက်ဖြစ်လာပါတယ်။ ၎င်းတို့ဟာ မူးယစ်ဆေးဈေးကွက်အတွက် လူငယ်တွေကို အဓိက ပစ်မှတ်ထားလာကြပါတယ်။ စိတ်ကြွဆေးရဲ့ ခဏတာအာနိသင်မှာ ညမအိပ်ဘဲ အလုပ်လုပ်နိုင်မှု၊ အစာမစားဘဲ အလုပ်လုပ်နိုင်မှု၊ ခွန်အားပြည့်ဝသလို ခံစားရမှုနဲ့ ဉာဏ်ရွှင်မှုတို့ ဖြစ်ကြပါတယ်။ ဒါပေမဲ့ သုံးစွဲတဲ့ကာလကြာလာပြီး ဆေးအာနိသင်မရပါက ပင်ပန်းနွမ်းနယ်တာ၊ မှတ်ဉာဏ်ချို့ယွင်းတာ၊ ကိုယ်တွင်းအင်္ဂါတွေ ပျက်စီးတာနဲ့ ရင်ဆိုင်ရပါမယ်။

လူငယ်တွေအနေနဲ့ မူးယစ်ဆေးရဲ့ဆိုးကျိုးကို သိရှိနားလည်ပြီး မူးယစ်ဆေးရဲ့သားကောင်တွေ မဖြစ်စေဖို့ ဂရုပြုမှာဖြစ်ပါတယ်။ မိမိတို့အပေါ် နည်းမျိုးစုံနဲ့ လွှမ်းမိုးဖျက်ဆီးနေတဲ့ မူးယစ်ဆေး အကြောင်းကို သိရှိရပါမယ်။ မူးယစ်ဆေးအန္တရာယ်ကို ဘယ်လိုကာကွယ် တိုက်ဖျက်မယ်ဆိုတာကို သိရှိရုံသာမကဘဲ သတိပြုဖို့လဲ လိုအပ်ပါတယ်။ မူးယစ်ဆေးရဲ့သားကောင်ဖြစ်နေတဲ့ လူငယ်တွေကို လမ်းမှန်ပေါ် ပြန်လည်ရောက်ရှိဖို့ အားလုံးက ဝိုင်းဝန်းဆောင်ရွက်ရပါမယ်။ လူငယ်တွေ မူးယစ်ဆေးမသုံးစွဲရေးဆောင်ရွက်ရာမှာ အစိုးရက ဆောင်ရွက်နေရုံနဲ့ အောင်မြင်မှုမရရှိနိုင်ပါဘူး။ လူ့အဖွဲ့အစည်းတွေနဲ့ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူ အသီးသီးတို့က ပူးပေါင်းဆောင်ရွက်ကြရပါမယ်။

မူးယစ်ဆေးကို ဆေးပညာရပ်နဲ့ ကျန်းမာရေးအခြေအနေတို့မှာ အသုံးပြုရန်မှအပ ကျန်အခြေအနေမှာ အသုံးမပြုဖို့၊ ထုတ်လုပ်ခြင်းမပြုဖို့နဲ့ ရောင်းဝယ်ဖောက်ကားခြင်းမပြုဖို့တို့ကို ဥပဒေနဲ့ တားမြစ်ထားပါတယ်။ မူးယစ်ဆေးရဲ့ဆိုးကျိုးတွေကို ပိုမိုသိရှိစေဖို့ အခြေခံပညာကျောင်းတွေနဲ့ ကျောင်းပြင်ပစခန်းတွေမှာ မူးယစ်ဆေးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။

၂၀၂၅ ခုနှစ်အတွင်း မူးယစ်ဆေးသုံးစွဲသူများ ပြည်လည်ထူထောင်ရေးအသင်း (ဗဟို) က မူးယစ်ဆေးဖြတ်ပြီးသူ ဦးရေ ၃၈၀ ကျော်ကို စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှုတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မူးယစ်ဆေးစွဲသူတွေအတွက် ဆေးကုသရေးဌာနကြီး ၂၉ ခုနဲ့ ဌာနငယ် ၅၆ ခုတို့မှာ ၂၀၂၅ ခုနှစ်အတွင်း ဆေးစွဲလူနာ ၂၆၅၉၅ ဦးကို ကုသပေးခဲ့ရာမှာ လူငယ်တွေ ပါဝင်နေကြပါတယ်။ ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခုကို ဖွင့်လှစ်ထားရှိပြီး ပြုစုပျိုးထောင်ပေးပါတယ်။ ဒ့ါပြင် နိုင်ငံတော်အစိုးရရဲ့ ၂၀၂၅ ခုနှစ် အစီရင်ခံစာတွေအရ ငွေကျပ် ၁၇၆၁ ဘီလီယံကျော်ဖိုးရှိ မူးယစ်ဆေးတွေကို ဖမ်းဆီးရမိကြောင်း သိရပါတယ်။

နိဂုံးချုပ်အနေနဲ့ လူငယ်ဆိုသည်မှာ တိုင်းပြည်အတွက် အနာဂတ်သားကောင်းရတနာတွေ ဖြစ်ကြပါတယ်။ ယနေ့ကာလမှာ နိုင်ငံရဲ့ မျိုးဆက်သစ်လူငယ်တွေကို လူညွှန့်တုံးစေမဲ့ မူးယစ်ဆေးအန္တရာယ်ကို တားဆီးကာကွယ်ရာမှာ နိုင်ငံတော်အစိုးရနဲ့လက်တွဲပြီး ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်လုပ်ဆောင်ဖို့ရာ အလွန်ပင်အရေးကြီးပါတယ်။ လူငယ်တွေရဲ့ အနာဂတ်၊ နိုင်ငံ့အနာဂတ်ကို ပျက်စီးစေတဲ့ မူးယစ်ဆေးအန္တရာယ်ကို ပြည်သူအားလုံး ဝိုင်းဝန်းကာကွယ်ရမှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

**ကိုးကား**

– https://www.moi.gov.mm/index.php/article/72294

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ချည် ရုပ်ရှင်ဇာတ်ကားကို Mahar TV ရုပ်သံလိုင်းက ရုပ်သံဇာတ်လမ်းအဖြစ် မတ်လပထမပတ်တွင် ထုတ်လွှင့်ပြသသွားမည်




ရန်ကုန် ဖေဖော်ဝါရီ ၂၁

အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားသည့် ချည်ရုပ်ရှင်ဇာတ်ကားကို Mahar TV ရုပ်သံလိုင်းမှ ရုပ်သံဇာတ်လမ်းအဖြစ် မတ်လပထမပတ်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ညွန့်မြင့်မာညီညီအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ချည်ရုပ်ရှင်ဇာတ်ကားကို Mahar TV ရုပ်သံလိုင်း၏ ပြန်လည်ခံစား မြန်မာရုပ်ရှင်ဇာတ်ကားကောင်းများ အစီအစဉ်မှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ပြီး ချည်ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို စာရေးဆရာ မင်းခိုက်စိုးစံက ရေးဖွဲ့ထားပြီး မင်းခိုက်စိုးစံနှင့် ထက်မြက်နိုင်ဇင်တို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ညွန့်မြင့်မာညီညီအောင်က တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ချည် ရုပ်ရှင်ဇာတ်ကားက ၂၀၁၉ ခုနှစ်မှာ ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး လူကြိုက်များခဲ့တဲ့ ဇာတ်ကားကောင်းတစ်ကားပါ။ ဒီဇာတ်ကားမှာ စိတ်မခိုင်ဘဲ ခံစားချက်နဲ့ အလုအပနောက်လိုက်တဲ့ ယောက်ျားတစ်ယောက်နဲ့ ကိုယ်ချစ်တဲ့သူရဲ့ ခံစားချက်ကို ဦးစားပေးချင်တဲ့ မိန်းမတစ်ယောက်တို့ကြားမှာ မရင့်ကျက်သေးတဲ့ ပညာတတ်ကောင်မကလေးတစ်ယောက် ဝင်လာတဲ့အခါ ဖြစ်ပေါ်လာတဲ့ အဖြစ်အပျက်တွေကို ရိုက်ကူးထားတဲ့ သုံးပွင့်ဆိုင် အချစ်ဇာတ်ကားကောင်း တစ်ကားပဲဖြစ်ပါတယ်။ မကြည့်ရှုလိုက်ရသေးသူတွေကော ထပ်မံကြည့်ရှုလိုသူတွေအတွက်ပါ Mahar TV က ထုတ်လွှင့်ပေးသွားမှာပါ"ဟု ဒါရိုက်တာ ညွန့်မြင့်မာညီညီအောင်က ပြောပြသည်။


ချည် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ သက်မွန်မြင့်၊ ရွှေသမီးနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် 5 - Traveller Art Exhibition ပန်းချီပြပွဲ ပြသလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် 5- Traveller Art Exhibition ပန်းချီပြပွဲကို ယနေ့မှ စတင်ပြသလျက်ရှိကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသနေသည့် ပန်းချီကြည်ဦးထံမှ သိရသည်။




အဆိုပါ Artistic Space Art Gallery တွင် ပြုလုပ်နေသည့် 5- Traveller Art Exhibition ပန်းချီပြပွဲတွင် ပန်းချီဦးရဲမြင့်(Forward)၊ ဘိုသိုက်ဦး၊ ကြည်ဦး၊ ဝင်းမောင်ရွှေ၊ စိုးနိုင်စိုးတို့၏ မတူကွဲပြားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲခြစ်ပန်းအမျိုးအစားစုံ၊ အကြောင်းအရာစုံ ပန်းချီကားချပ်များကို ယနေ့မှ စတင်ကာ ဖေဖော်ဝါရီ ၂၅ ရက်ထိ ပြသမည်ဖြစ်ကြောင်း သိရသည်။

"Artistic Space Art Gallery မှာ ဝါရင့် ပန်းချီဆရာကြီးတွေရဲ့ ပန်းချီလက်ရာများစွာ ပါဝင်တဲ့ 5- Traveller ပန်းချီပြပွဲကို ဒီနေ့ကနေ ဖေဖော်ဝါရီ ၂၅ ရက်ထိ မနက် ၁၀နာရီကနေ ညနေ ၅ နာရီထိ ပြသနေတာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြပါအုံးလို့ လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်" ဟု ပန်းချီကြည်ဦးက ပြောပြသည်။

၎င်းပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆ x ၂၄)လက်မ၊(၂၄ x ၂၄) လက်မ၊ (၁၈ x ၂၄)လက်မ၊(၁၈x၁၈) လက်မစသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ် သိန်း ၅၀ ထိ ရှိကြောင်း သိရသည်။

ASH

# မုန်း၍မဟူ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

Brave Empire Film Production က ရိုက်ကူးထုတ်လုပ်မည့် မုန်း၍မဟူ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော် အောင်မြေတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မုန်း၍မဟူ ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ဂျာနယ်ကျော်မမလေး၏ ထင်ရှားကျော်ကြားခဲ့သည့် ဝတ္ထုကို အေးသီရိကိုက ဇာတ်ညွှန်းရေးသားထားပြီး လက်ထောက်ဒါရိုက်တာ သဲစုလှိုင်နှင့် ဒါရိုက်တာ ပွင့်သီဂီဇော်တို့က Brave Empire Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ လောက်က ဂန္ထဝင်ဝတ္ထုရှည်တစ်ပုဒ်ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ဖန်တီးပုံဖော်ကြမှာဖြစ်ပါတယ်။ ဆရာမ ဂျာနယ်ကျော်မမလေးရဲ့ မုန်း၍မဟူ ဝတ္ထုကို ဒါရိုက်တာ ပွင့်သီဂီဇော်က ဖန်တီးပုံဖော်မှာဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်ကားကို အနုပညာရသမြောက်စွာ အချိန်ယူပြီးသေချာပြင်ဆင် ရိုက်ကူးမှာဖြစ်တဲ့အတွက် ပရိသတ်တွေ စောင့်မျှော်ရကြိုးနပ်မှာပါ" ဟု အဆိုပါ မုန်း၍မဟူ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် အောင်ရဲချမ်းက ပြောပြသည်။

မုန်း၍မဟူ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နိုင်းနိုင်း၊ ကျော်ရဲအောင်၊ အောင်ရဲချမ်း၊ ဝတ်မှုံရွှေရည်၊ ဆုထက်လှိုင်၊ စိုးမိုးကြည်၊ ဂွမ်းပုံကြီး၊ တာတာနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည် ဖြစ်ကြောင်း သိရသည်။

ASH

# Hal ဇာတ်ကားသစ်၌ ဂျက်ဖရီဒိုနိုဗန်၊ အိုင်ဒန်ကွင်း၊ လက်စလီဗစ်တို့ ထပ်မံပါဝင်လာ

နယူးယောက် ဖေဖော်ဝါရီ ၂၁

Hal အမည်ရှိ ဒရာမာဇာတ်ကားသစ်၌ မင်းသား ဂျက်ဖရီဒိုနိုဗန်၊ အိုင်ဒန်ကွင်းနှင့် မင်းသမီး လက်စလီဗစ်တို့ ထပ်မံပါဝင်လာကြောင်း ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

အထက်ပါ သရုပ်ဆောင်သုံးဦးတို့သည် Hal ဇာတ်ကား၌ မင်းသား အလက်ဇန်းဒါးလပ်ဝစ်၊ မင်းသမီး အမ်မာရောဘတ်တို့နှင့် အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Hal ဇာတ်ကားသည် သတင်းစာဆရာတစ်ဦးနှင့် ဂီတပညာရှင် အမျိုးသမီးတစ်ဦးတို့ကြား မေတ္တာဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ မာ့ဗ်ိလီယံက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မာ့အက်ဝင်ရော့ဘင်ဆန်က တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Hal ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို အတ္တလန္တာမြို့တော်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# One Attempt Remaining ဇာတ်ကား၌ ဂျွန်စီနာ၊ ကိတ်မက္ကင်နွန်၊ အိုင်မီကာရီယိုတို့ ပါဝင်မည်

နယူးယောက် ဖေဖော်ဝါရီ ၂၁

Netflix ကုမ္ပဏီ၏ One Attempt Remaining အမည်ရှိ ဟာသရုပ်ရှင်ဇာတ်ကား၌ မင်းသား ဂျွန်စီနာ၊ မင်းသမီး ကိတ်မက္ကင်နွန်နှင့် အိုင်မီကာရီယိုတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် One Attempt Remaining ဇာတ်ကား၌ အထက်ပါသရုပ်ဆောင်သုံးဦး ပါဝင်ရမည့် ဇာတ်ကောင်နေရာများကို မသိရသေးကြောင်း သိရသည်။

One Attempt Remaining ဇာတ်ကားကို ဒါရိုက်တာ ကေးကန်နွန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိုးဘုန်နှင့် အလက်ဆာအက်လီမင်နီတို့က ရေးသားပေးထားသည်။

One Attempt Remaining သည် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာတန်ဖိုးရှိသည့် ခရစ်တိုငွေကြေးဆုတစ်ဆု ပေါက်ခဲ့သော်လည်း စကားဝှက်မေ့နေသည့်စုံတွဲတစ်တွဲ၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# KIA, PDF terrorist attack on aircraft at Myitkyina airport condemned

**Nay Pyi Taw February 21**

The Myitkyina Airport, located in Myitkyina, Kachin State, operates regular flights connecting Myitkyina with Yangon, Mandalay, and other major cities in Myanmar where airports are situated. Among the airports in Kachin State, it plays a vital and central role in trade and transportation services.

The KIA and PDF terrorist combined groups attacked the Myanmar National Airlines (MNA) ATR 72-600 passenger aircraft with FPV suicide drones at Myitkyina Airport at 8:12 pm on 20 February while the plane was preparing to depart for Mandalay after boarding passengers, and as a result, the attack caused minor damage to the front, middle and rear parts of the aircraft.

Such acts of terrorist groups commit war crimes in accordance with the Geneva Conventions and International Law, and the entire people strongly oppose and condemn them.

The Young Men's Buddhist Association-YMBA (Central), Myanmar Interfaith Dialogue Group (Central), Myanmar Evangelical Christian Alliance, Union of Myanmar Methodist Church (Lower Myanmar), Faith Evangelical Church (Bago), Deliverance Church (Yangon), All Myanmar Hindu Central Council, All Myanmar Tamil Hindu Foundation (HQ), Thananta Dhamma Palaka (Hindu) Association, Islamic Religious Affairs Council Myanmar, Pinnaygone Yakhine Jaame Mosque, Buthidaung-Maungtaw Regional Development Association, Myanmar Artists Organization (Central), Myanmar Theatrical Association (Central), Myanmar Comedians' Association, All Myanmar Shi'a Muslim Organization, Myanmar Press Council, Myanmar Sports Media Federation, Myanmar Motion Pictures Organization, Myanmar Writers' Association and Myanmar Music Association (Central) issued statements strongly condemning that terrorist attack.

100

## YMBA (Central) condemns drone attacks by KIA and PDF terrorists on MNA passenger aircraft

### 21 February 2026

KIA and PDF combined terrorist groups carried out a terrorist attack using FPV suicide drones at around 8 pm on 20 February 2026, targeting an ATR-72-600 passenger aircraft operated by Myanmar National Airlines (MNA), which was scheduled to depart from Myitkyina Airport to Mandalay. As the aircraft sustained damage in the incident, the Young Men's Buddhist Association (YMBA) hereby strongly condemns and denounces the terrorist attacks.

**Central Executive Committee**
**Young Men's Buddhist Association – YMBA (Central)**

## Statement of Myanmar Interfaith Dialogue Group (Central)

### 21 February 2026

An ATR-72-600 passenger aircraft operated by Myanmar National Airlines (MNA), which was preparing to depart from Myitkyina Airport to Mandalay after boarding passengers, was recklessly attacked by KIA and PDF combined terrorist groups with the use of FPV suicide drones at around 8 pm on 20 February 2026. We, the Myanmar Interfaith Dialogue Group (Central), hereby declare that we absolutely do not accept this act and strongly condemn and denounce it.

**Central Executive Committee**
**Myanmar Interfaith Dialogue Group (Central)**

Myanmar Evangelical Christian Alliance
MEMBER BODY OF: WEA

## Statement of Myanmar Evangelical Christian Alliance

### 21 February 2026

We have learned that an ATR-72-600 passenger aircraft operated by Myanmar National Airlines (MNA), which was preparing to depart from Myitkyina Airport to Mandalay after boarding passengers at around 8 pm on 20 February 2026, was attacked with FPV suicide drones by KIA and PDF combined terrorist groups.

The Myanmar Evangelical Christian Alliance stated that it has absolutely rejected and strongly condemned the attack on the MNA's ATR-72-600 passenger aircraft, which greatly contributes to civilian travel and the flow of goods, and is unrelated to military operations.

**Myanmar Evangelical Christian Alliance**

## Statement of Union of Myanmar Methodist Church (Lower Myanmar)

### 21 February 2026

We have learned that at 8:12 pm on 20 February, KIA and PDF combined terrorist groups attacked a passenger aircraft of Myanmar National Airlines (MNA), which facilitates civilian travel and the flow of goods and is unrelated to military operations, with the use of FPV suicide drones.

The act of KIA and PDF combined terrorist groups, who maliciously committed this violent attack, is utterly unacceptable and strongly condemned by the public across the country. We, the Union of Myanmar Methodist Church (Lower Myanmar), also declare that we absolutely do not accept this act and strongly denounce it.

**Union of Myanmar Methodist Church (Lower Myanmar)**

## Statement of Faith Evangelical Church (Bago)

### 21 February 2026

It has been reported that an ATR-72-600 passenger aircraft operated by Myanmar National Airlines (MNA), scheduled to depart from Myitkyina Airport to Mandalay, was attacked with drones in a terrorist strike at around 8 pm on 20 February 2026, by KIA and PDF joint terrorist groups.

The terrorist act of attacking a passenger aircraft carrying innocent civilians is completely unacceptable. Thus, the Faith Evangelical Church (Bago) hereby declares that it absolutely does not accept this act and strongly condemns it.

**Faith Evangelical Church (Bago)**

ALL MYANMAR TAMIL HINDU FOUNDATION (H.Q.)
No. 111/113, 54th Street, 4th Quarter, Botahtaung Township, Yangon.
Tel. 01 296323, 01 298962, 01 299241

## Statement of All Myanmar Tamil Hindu Foundation (HQ)

### 21 February 2026

The KIA and PDF terrorist combined groups attacked the Myanmar National Airlines (MNA) ATR 72-600 passenger aircraft with FPV suicide drones at Myitkyina Airport at 8:12 pm on 20 February, while the plane was preparing to depart for Mandalay after boarding passengers, and as a result, the attack caused minor damage to the aircraft.

Such terrorist attacks are totally opposed, and the All Myanmar Tamil Hindu Foundation (HQ) issues this statement strongly condemning the attacks of KIA and PDF terrorists.

**All Myanmar Tamil Hindu Foundation (HQ)**

ALL MYANMAR HINDU CENTRAL COUNCIL
No. 387-395(1st Floor), Room No. A2, Bo Aung Kyaw Street, Kyauktada Township, Yangon.
Tel : 01-8245648 E-mail : amhcc201902@gmail.com

## Statement of All Myanmar Hindu Central Council

### 21 February 2026

The KIA and PDF terrorist combined groups attacked the Myanmar National Airlines (MNA) ATR 72-600 passenger aircraft with FPV suicide drones at Myitkyina Airport at 8:12 pm on 20 February, while the plane was preparing to depart for Mandalay after boarding passengers. The All-Myanmar Hindu Central Council issues this statement, expressing that we do not accept and strongly condemn the terrorist attacks carried out on facilities that are not related to military affairs, but instead play a vital role in facilitating public transportation and the smooth flow of goods across the country.

**All Myanmar Hindu Central Council**

## Statement of Islamic Religious Affairs Council of Myanmar

### 21 February 2026

The KIA and PDF terrorist combined groups attacked the Myanmar National Airlines (MNA) ATR 72-600 passenger aircraft with FPV suicide drones at Myitkyina Airport at 8:12 pm on 20 February while the plane was preparing to depart for Mandalay after boarding passengers. The Islamic Religious Affairs Council of Myanmar issues this statement expressing that we do not accept and strongly condemn the terrorist attacks carried out on facilities that are not related to military affairs, but instead play a vital role in facilitating public transportation and the smooth flow of goods across the country.

**Islamic Religious Affairs Council of Myanmar**

See Page 13

From Page 12

## Statement of Deliverance Church (Yangon)
## 21 February 2026

The KIA and PDF terrorist combined groups attacked the Myanmar National Airlines (MNA) ATR 72-600 passenger aircraft with FPV suicide drones at Myitkyina Airport at 8:12 pm on 20 February while the plane was preparing to depart for Mandalay after boarding passengers. Therefore, the Deliverance Church (Yangon) issues this statement strongly condemning such violence.

**Deliverance Church (Yangon)**

PINNAYGONE YAKHINE JAAME MOSQUE

No 1 , 130th Street ,Mingala Taungnyunt Township ,Yangon,Myanmar,Tel: 01 – 291122

## Statement of Pinnaygone Yakhine Jaame Mosque
## 21 February 2026

At approximately 8:12 pm on 20 February 2026, an ATR-72-600 passenger aircraft operated by Myanmar National Airlines (MNA), which had boarded passengers and was preparing for departure from Myitkyina Airport to Mandalay, was attacked using drones by a combined group of KIA and PDF terrorists.

The Pinnaygone Yakhine Jaame Mosque hereby declares that it absolutely does not accept, strongly objects to and condemns the brutal terrorist acts committed by the joint group of the KIA and PDF insurgents.

**Pinnaygone Yakhine Jaame Mosque**

## Statement of Myanmar Artists Organization (Central)
## 21 February 2026

The KIA and PDF terrorists collude in attacking a civilian aircraft, an ATR-72-600 passenger plane of Myanmar National Airlines (MNA), in Myitkyina, Kachin State, using FPV suicide drones, causing minor damage to the nose, mid-fuselage, and tail sections of the aircraft. No passengers were reportedly injured or killed.

The Myanmar Artists Organization (Central) hereby states that it completely rejects and strongly condemns the unprovoked terrorist acts committed by the KIA and PDF terrorist combined groups.

**Myanmar Artists Organization Central**

MYANMAR SHIAH MUSLIM RELIGIOUS ORGANIZATION (CENTRE)

Office Ph: 09-445516160

## Statement of Myanmar Shiah Muslim Religious Organization (Centre)
## 21 February 2026

At approximately 8:12 pm on 20 February 2026, it was reported that an ATR-72-600 passenger aircraft of Myanmar National Airlines (MNA), preparing to depart from Myitkyina Airport to Mandalay with passengers on board, was attacked by drones committed by KIA and PDF terrorist groups.

The terrorist act carried out by the KIA and PDF terrorist groups, who deliberately attacked a civilian airline that significantly contributes to public transport and the swift flow of goods, is being strongly condemned and rejected with disgust by people across the country. In addition, the Myanmar Shiah Muslim Religious Organization (Centre) has issued a statement declaring that it absolutely does not accept this act and strongly denounces and condemns it.

**Myanmar Shiah Muslim Religious Organization (Centre)**

## Strong Condemnation by Myanmar Motion Pictures Organization
## 21 February 2026

The Myanmar Motion Pictures Organization acknowledged that KIA and PDF terrorist collaborating groups carried out attacks on Myitkyina Airport in Kachin State using FPV suicide drones on 12 February, intending to undermine the administration of the State Government, disturb regional peace, and destroy local development.

Furthermore, at 8:12 pm on 20 February, an ATR-72-600 passenger aircraft of Myanmar National Airlines (MNA), preparing to depart for Mandalay, was attacked while at Myitkyina Airport, with the malicious intention of causing casualties among passengers.

The Myanmar Motion Pictures Organization strongly condemns and utterly rejects the actions of KIA and PDF terrorist collaborating groups for deliberately targeting a civilian airline, which greatly facilitates public travel and goods transport unrelated to military activities, in violation of the Geneva Conventions and international law, constituting a war crime.

**Myanmar Motion Pictures Organization**

## Statement of Thananta Dhamma Palaka (Hindu) Association
## 21 February 2026

The KIA and PDF terrorist combined groups attacked the Myanmar National Airlines (MNA) ATR 72-600 passenger aircraft with FPV suicide drones at Myitkyina Airport at 8:12 pm on 20 February while the plane was preparing to depart for Mandalay after boarding passengers, and as a result, the attack caused minor damage to the front, middle and rear parts of the aircraft. The Thananta Dhamma Palaka (Hindu) Association strongly condemns such terrorist attacks on non-military targets perpetrated by KIA and PDF terrorists.

**Thananta Dhamma Palaka (Hindu) Association**

E-mail: bmrdamm@gmai.com Web Site : www.bmrdamm.org

## Statement of Buthidaung-Maungtaw Region Development Association
## 21 February 2026

Reports indicate that a combined group of the KIA and PDF terrorists attacked a Myanmar National Airlines (MNA) passenger aircraft using suicide drones on the night of 20 February. The aircraft was preparing to depart from Myitkyina Airport for Mandalay after boarding passengers.

The Buthidaung-Maungtaw Region Development Association issued a statement expressing that it completely rejects and strongly condemns the deliberate attack on a civilian airline, which is unrelated to military affairs and which greatly supports public transport and the swift flow of goods. **Buthidaung-Maungtaw Region Development Association**

## Myanmar Comedians Association Statement
## 21 February 2026

Information indicates that an ATR-72-600 passenger aircraft operated by Myanmar National Airlines (MNA) was attacked on the evening of 20 February while preparing for departure from Myitkyina Airport to Mandalay after boarding passengers. The attack was reportedly carried out using FPV suicide drones by a combined group of KIA and PDF terrorists.

The Myanmar Comedians Association hereby declares that it absolutely does not accept, strongly objects to and condemns the terrorist act committed by the joint group of KIA and PDF terrorists, who intentionally targeted a civilian airline that provides significant support for public transport and the swift flow of goods unrelated to military affairs.

**Myanmar Comedians Association**

## Statement of Myanmar Press Council
## 21 February 2026

The Kachin Independence Army (KIA) and PDF terrorists collude in attacking an ATR-72-600 passenger aircraft of Myanmar National Airlines (MNA) at Myitkyina Airport using FPV suicide drones cruelly and maliciously. The civilian airline provides significant support for civilian travel and freight transport.

The Myanmar Press Council strongly condemns the KIA and PDF terrorists' collusive attack on a civilian airline that is not related to military operations and that greatly facilitates civilian travel and goods flow. **Myanmar Press Council**

## Statement of Myanmar Sports Media Federation
## 21 February 2026

It has come to the attention of the Myanmar Sports Media Federation that yesterday evening, while an ATR-72-600 passenger aircraft of Myanmar National Airlines (MNA) was stationed at Myitkyina Airport, the Kachin Independence Army (KIA) and so called-PDF terrorist collaborating groups attacked the aircraft using drones. The airline provides significant support for civilian travel and the transport of goods.

The Myanmar Sports Media Federation absolutely rejects and strongly condemns the actions of the KIA and PDF-named terrorist collaborating groups for deliberately targeting a civilian airline with no military affiliation.

**Myanmar Sports Media Federation**

## Statement by Myanmar Writers' Association
## 21 February 2026

1. With the intent to undermine the administration of the State Government and disrupt regional peace, terrorist groups have recklessly attacked civilian infrastructure unrelated to military activities, including basic buildings, roads, bridges, schools, and hospitals, using landmines, mortars, and dropped bombs from a distance.2. While such terrorist acts were ongoing, at 8:12 pm on 20 February, KIA and PDF terrorist collaborating groups attacked an ATR-72-600 passenger aircraft of Myanmar National Airlines (MNA) using FPV suicide drones, intending to cause injury or death to passengers. Some parts of the aircraft were damaged in the incident.
3. These acts were deliberately carried out with the purpose of undermining national stability and disrupting the unity of ethnic communities. The Myanmar Writers' Association hereby condemns and strongly rejects the actions of these terrorist groups.

**Myanmar Writers' Association**

See Page 14

From Page 13

### Statement of Myanmar Music Association (Central)
### 21 February 2026

The Myanmar Music Association (Central) strongly condemns the attack carried out at 8:12 pm on 20 February by KIA and PDF terrorist groups against an ATR-72-600 passenger aircraft of Myanmar National Airlines (MNA). The attack, using FPV suicide drones, was intended to cause injury or death to passengers on a civilian airline that provides significant support for public travel and the transport of goods, which is not related to military activities.

**Myanmar Music Association (Central)**

### Statement of Myanmar Theatrical Association (Central)
### 21 February 2026

It is learned with graved concern that at 8:12 pm on 20 February, a civilian airline—which is not related to military activities and significantly supports public transport and the swift flow of goods—was attacked with drones by KIA and PDF terrorist groups.

The Myanmar Theatrical Association (Central) has issued a statement declaring that it absolutely does not accept and strongly condemns the terrorist act committed by KIA and PDF terrorist groups.

**Myanmar Theatrical Association (Central)**

# Short-range rockets poised to launch found in a rice field near Hsinhpone (North) village, Hlegu Township



Short-range rockets prepared for firing seen in a field near Hsinhpone (North) Village, Hlegu Township, Yangon Region.

**Nay Pyi Taw February 21**

CRDP and NUG, denounced as terrorist groups, and their subordinate group, PDF terrorist groups, and associated organizations and individuals, with the intention of destroying peace and stability of the State and terrorizing the people, are committing various kinds of terrorist acts such as torching or blowing up public-owned buildings, and roads and bridges, which were non-military facilities, and launching drone attacks against them.

Acting on information provided by duty-conscious persons that they found suspicious materials, sheathed in blue PC pipes, in a rice field near Hsinhpone (North) village, Hlegu Township, Yangon Region, at about 6.30 am, security forces rushed to the area and found six shortrange rockets sheathed in blue PC pipes that were fitted by terrorists by the name PDF to launch attacks. As for the safety of the public, security forces systematically defused the rockets.

Security forces were conducting area clearance operations and investigations in and around the area, and providing such information about the terrorists and suspicious terrorist activities can save the people from death and destruction.

100

# 5 dead, 20 missing after migrant boat capsizes south of Greece's Crete island

**Athens February 21**

Five migrants were confirmed dead and at least 20 others remained missing after a wooden boat carrying dozens of people capsized in waters south of Greece's largest island Crete early Saturday, authorities said.

The tragic incident happened about 15 nautical miles (27 km) south of Kala Limena, a coastal settlement on the southern shore of Crete, according to the Greek coast guard.

Greek national broadcaster ERT reported that the tragedy occurred when one of two commercial vessels dispatched by the national search and rescue center approached the migrants' wooden boat. As passengers attempted to climb a ladder lowered from the ship, many moved simultaneously to one side of the overcrowded vessel, leading to its capsizal.

A cargo ship flying the Panamanian flag rescued 20 people, while vessels from the Hellenic Coast Guard and the European Union's border agency, Frontex, recovered three bodies. Two more bodies were later found at sea.

Survivors told rescuers that about 50 people had been on board, raising fears that the death toll could rise. Search and rescue operations remain underway. Coast guard ships, passing commercial vessels, a helicopter and a military aircraft have been deployed.

Xinhua

# Update: U.S. Supreme Court rules Trump administration's sweeping tariffs illegal

**New York February 21**

The U.S. Supreme Court ruled on Friday that U.S. President Donald Trump's sweeping tariffs under a law meant for use in national emergencies are illegal.

In a 6-3 ruling, the Supreme Court said that the tariff policies under the International Emergency Economic Powers Act (IEEPA) are unconstitutional, officially striking down the global tariffs Trump has introduced since April.

The justices ruled that the president did not have the authority under IEEPA to impose import tariffs on goods from nearly all the U.S. trading partners.

The voting upheld that it is the right of Congress to impose taxes, not the president.

The ruling is expected to affect global trade, companies, inflation and the pocketbook of every U.S. citizen, local media reported Friday.

Trump announced on April 2 that the United States has established a "minimum baseline tariff" of 10 percent on practically all imported goods, plus even higher rates on certain trading partners, claiming that higher tariffs would help bring in revenue for the government and revitalize the U.S. manufacturing.

On April 23, a coalition of 12 U.S. states sued the Trump administration over the "illegal tariffs" in the U.S. Court of International Trade in New York.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ရေဦး ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၆၉၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၇ ဒသမ ၅၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နေကြာ ၃၆၉၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း လယ်ငါးခူပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း လယ်ငါးခူပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း လယ်ငါးခူပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း လယ်ငါးခူပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါလယ်ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၅၀၀၀ မှ ၄၅၀၀၀၀ ထိ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း လယ်ငါးခူပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအပေါ်မူတည်ပြီး ဒီဘက်က တင်ပို့ရောင်းချနေပါတယ်။ လယ်ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ ငါးအမျိုးအစားထဲမှာပါ ပါတယ်။ မော်လမြိုင်ကျွန်း မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်တွင် လယ်ငါးခူများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါလယ်ငါးခူများ ဝယ်ယူအားကောင်းလာသဖြင့် ငါးမွေးမြူသူများ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ဖြူကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖြူကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖြူကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၃၃ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် သုည ဒသမ ၆ သန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို ရန်ပုံငွေကျပ် ၃၅ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**






# တိုက်ကြီးမြို့နယ် အိုင်ကလောင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး



**တိုက်ကြီး ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာ၊ သားငါးထွက်ကုန်၊ ထုတ်ကုန်များနှင့်ရာသီပေါ်သီးနှံများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် လွယ်ကူချောမွေ့စွာ တင်ပို့နိုင်ရေးအတွက် အိုင်ကလောင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုန်ထုတ်လမ်းတံတားဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ အိုင်ကလောင်ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်တစ်မိုင် ၁ ဒသမ ၅၄၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေရှိ မြေသားလမ်းပေါ်၌ အမြင့် ကိုးလက်မရှိ ဂဝံမြေခင်းခြင်းနှင့် Box Culvert သုံးစင်းတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါရကုမ္ပဏီမှ တာဝန်ခံကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၄၁၁ ဒသမ ၄၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ပြီး Han Thiri Construction Co.,Ltd က တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဇူလိုင်လ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အိုင်ကလောင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၁ ရွာမှ ဒေသထွက်ကုန်သီးနှံများကို ရာသီမရွေး လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း တိုက်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အထွေး**

စာပေမြင့်မှ လူမျိုးတင့်မည်

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ကျင်းပပြီးစီး





**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။


အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ၂၄ ပါးတို့ကို နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ်များကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုထားသော ဓမ္မဒူတဆေကိန္ဒတက္ကသိုလ်နှင့် သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ်တို့ကို ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုလွှာများကို လည်းကောင်း ဆက်ကပ်ပေးအပ်တော်မူသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးတွင်ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင်မှတ်တမ်းစာအုပ်ကြီး၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ရွှေကျင်ဂိုဏ်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၊ ဓမ္မဝိနယာနုလောမမူလဒွါရနိကာယဂိုဏ်း၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်း၊ ဝေဠုဝန်နိကာယဂိုဏ်း၊ အနောက်ချောင်းဒွါရဂိုဏ်း ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးစီတို့က လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ နိဂုံးချုပ်ဥယျောဇနကထာကိုမြွက်ကြားတော်မူရာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက



နာယူတော်မူကြသည်။

ယင်းနောက် အစည်းအဝေးသို့ကြွရောက်တော်မူလာကြသည့် ဆရာတော်အားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီနှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓု သုံးကြိမ်ခေါ်ဆိုကာ နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကြီးကို ယနေ့နံနက်ပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသည်။

ယနေ့အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း) ဇနီးဒေါ်ကြိုင်ကြိုင်မိသားစုနှင့် ဓမ္မမိတ်ဆွေများက ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ အတွင်း၊အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင်အဘိတ်ဆေးများ ခတ်ပေးခြင်း၊ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်း၊ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။



ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အပါအဝင် မြို့နယ် ကိုးမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ ပြည်သူ့ဆေးရုံများနှင့် လမ်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။**(၅၀၁)**

**ရှေ့ဖုံးမှအဆက်**

စိတ်အေးချမ်းသာစွာ ဘုရားဖူးနိုင်တဲ့အပြင် ပင်လယ်ကမ်းခြေမှာလဲ အပန်းဖြေလည်ပတ်နိုင်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးတဲ့အတွက် ခရီးသွားတွေ စိတ်အေးချမ်းသာစွာဘုရားဖူးရင်း၊ အပန်းဖြေရင်းလာရောက်လည်ပတ်နိုင်ပါတယ်"ဟု ပုသိမ်သူ ရုပ်ပြေးယာဉ်တာဝန်ခံ ဦးကျော်ထွေးက ပြောသည်။

ခရီးသွားပြည်သူများသည် ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်သို့လာရောက်ဖူးမြော်ပြီး အပန်းဖြေခရီးစဉ်အဖြစ် ငွေတောင်ကမ်းခြေ၊ ခမောက်မော်ကမ်းခြေ၊ ဟိုင်းကြီးကျွန်း၊ ဇီးချိုင်ကျေးရွာ၊ ကျောက်ကလပ်တို့ကို အပန်းဖြေလည်ပတ်ကြသည်။

"ပွဲတော်ကာလအတွင်း တပေါင်းလပြည့်နေ့ဟာ ဆံတော်ရှင်မြတ်မော်တင်စွန်းဘုရားပွဲတော်ရဲ့အစည်ကားဆုံးနေ့ဖြစ်ပါတယ်။ အခုလို ပွဲတော်ကာလဆိုရင် ခရီးသွားတွေဟာ မော်တော်ယာဉ်နဲ့ လာရောက်ကြတာရှိပါတယ်။ ပြီးတော့ ပုသိမ်မြို့ဆိပ်ကမ်းကနေ ရုပ်ပြေးအမြန်ယာဉ်တွေနဲ့လဲသွားကြတာလဲရှိပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ မော်တင်စွန်းဘုရားကို လာရောက်ဖူးမြော်ရင်း ငွေတောင်ကမ်းခြေနဲ့ ကျောက်ကလပ်တို့ကိုလဲ အပန်းဖြေလည်ပတ်လို့ရတာကြောင့် ရုံးပိတ်ရက်ကာလတွေမှာလာရောက်လည်ပတ်ဖို့ဖိတ်ခေါ်ပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူဦးက ပြောပြ၍ သိရသည်။

**သစ္စာ(MNA)**

# မန္တလေး-နေပြည်တော် ရထားလမ်းပိုင်းအတွင်းရှိ ရထားလမ်းကြံ့ခိုင်မှု၊ ဘူတာအသစ်တည်ဆောက်ခြင်းနှင့် တံတားအသစ်များ ပြန်လည်တည်ဆောက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် မြစ်ငယ်ဘူတာမှ RBE ရထားဖြင့် မန္တလေး-နေပြည်တော် ရထားလမ်းပိုင်းအတွင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး၊ ဘူတာများအသစ်ပြန်လည်တည်ဆောက်နေမှု၊တံတားများကြံ့ခိုင်မှုနှင့်တံတားအသစ်ပြန်လည်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ မြစ်ငယ်ဘူတာမှ RBE ရထားဖြင့် လိုက်ပါစီးနင်း၍ ဘဲလင်းဘူတာနှင့် ကျောက်ဆည်ဘူတာကြားရှိ တံတားအမှတ်(၇၇၁) သို့ရောက်ရှိပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်ဆည်ဘူတာသို့ ရောက်ရှိပြီး အသစ်ပြန်လည်တည်ဆောက်မည့် အလျားပေ ၁၀၀၊ အနံပေ ၄၀ ကွန်ကရစ်ကြမ်းခင်း သံကူကွန်ကရစ်အမျိုးအစား ဘူတာသစ်တည်ဆောက်မည့် မြေနေရာ၊ ကျောက်ဆည်ဘူတာနှင့် မင်းစုဘူတာကြားရှိ တံတားအမှတ်(၇၃၉) တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအမီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် RBEရထားဖြင့် ဆက်လက်ထွက်ခွာလာရာ သပြေတောင်းဘူတာသို့ရောက်ရှိပြီး ဘူတာအသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဘူတာအဝင်၊အထွက်လမ်းများ စနစ်တကျဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ သပြေတောင်းဘူတာနှင့် စမုံဘူတာအကြားရှိ ရာဂိမုန်တိုင်းကြောင့် ပျက်စီးသွားသော အသစ်ပြန်လည်တည်ဆောက်လျက်ရှိသည့် တံတားအမှတ်(၆၉၁) သို့ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် ဘိုးပိုင်တူးခြင်း၊ ရေတိုက်စား၍ ပျက်စီးသွားသော အစုန်လမ်းတံတား၏ တိုင်ဟောင်းများဖျက်သိမ်းပြီးစီးမှု၊ မြေထိန်းနံရံကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တံတားတည်ဆောက်ရေးရှင်းလင်းဆောင်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအမီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ မိုးတွင်းကာလတွင် မိုးများသောကြောင့် သစ်ပင်သစ်လုံးသစ်မြစ်များမျောပါလာနိုင်သဖြင့် တံတားအောက်တွင် Basket များထားရှိရေး၊ ချောင်းကမ်းပါးနံရံများပြိုကျပိတ်ဆို့မှုမရှိစေရန် မြေထိန်းနံရံများစနစ်တကျဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



၃၂ ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။



၃၂ ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။



၃၂ ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။



၃၂ ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁) စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။

☆ **ကျောဖုံးမှအဆက်**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁)စစ်တီးဝိုင်းအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါစစ်တီးဝိုင်းပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီ မှ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ်ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

၂၁-၂-၂၀၂၆

နေပြည်တော်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာအထူးကိုယ်စားလှယ်ရုံး၏ ထုတ်ပြန်ချက်အပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်ရုံးက “UN Special Representative Pramila Patten Calls for Accountability as Sexual Violence Continues Five years after Myanmar Military Seized Power” ခေါင်းစဉ်ဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ အလေးအနက်ထား လိုက်နာဆောင်ရွက်လျက်ရှိသည်။

မြန်မာ့လူ့အဖွဲ့အစည်းသည် လိင်အကြမ်းဖက်မှုကို ရိုးရာယဉ်ကျေးမှုအရ ဆန့်ကျင်သောသမိုင်းကြောင်းအစဉ်အလာရှိသည်။ ယင်းဓလေ့ကိုအခြေခံ၍ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီး၊ အမျိုးသားနှင့် လိင်စိတ်ခံယူမှုကွဲပြားသူအပါအဝင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရန် ဥပဒေနှင့်အညီ ပြတ်သားစွာဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် မည်သည့်ပြစ်မှုကိုမဆို အသေးအဖွဲ့ပင်ဖြစ်လင့်ကစား လုံးဝခွင့်မလွှတ်ဘဲ အရေးယူအပြစ်ပေးသည့် (zero-tolerance policy) ချမှတ်ထားပြီး ကျူးလွန်ပါက ဥပဒေအရအရေးယူခံရမည်ဖြစ်ကြောင်း အတိအလင်းပြဋ္ဌာန်းထားသည်။

ဤသို့သော ဥပဒေအစီအမံများနှင့်အတူ အမျိုးသားအဆင့် ယန္တရားများဖွဲ့စည်းခြင်း၊ မူဝါဒများချမှတ်အကောင်အထည်ဖော်ခြင်းနှင့် အသိပညာပေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဦးဆောင်မှုဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် အမျိုးသားအဆင့်ကော်မတီကိုဖွဲ့စည်းခဲ့ပြီး ကဏ္ဍအလိုက် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်များကို နှစ်စဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးကော်မတီများကို ဖွဲ့စည်းပြီး ဒေသအလိုက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ တားဆီးနိုင်ရေးအတွက် အမျိုးသားအဆင့်တိုင်ကြားမှုယန္တရားအဖြစ် 4 Digits (1566) ၂၄ နာရီ Helpline ဝန်ဆောင်မှုကို ၂၅-၁၀-၂၀၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလထိ လက်နက်ကိုင်ပဋိပက္ခအတွင်းမဟုတ်သော်လည်း ပြည်သူလူထုက တိုင်ကြားလာသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ဖြစ်စဉ်ပေါင်း ၂၃၀၀ ကျော်ကို လက်ခံစစ်ဆေးကာ ဥပဒေအရဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကြမ်းဖက်ခံရသော အမျိုးသမီးများကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Center- OSWSC) များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအနှံ့တွင် ဖွင့်လှစ်ထားပြီး လိုအပ်သောစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အသိပညာပေးမှုအနေဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် ဂျီနီဗာကွန်ဗင်းရှင်း လေးရပ်ပါ စစ်ပွဲဆိုင်ရာ ဥပဒေသများ၊ အရပ်သားများအပေါ် အကာကွယ်ပေးရေးပြဋ္ဌာန်းချက်များနှင့် လိင်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးတို့ကို တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများကို ဟောပြောပွဲများ၊ အသိပညာပေးစကားဝိုင်းများ ကျင်းပပေးလျက်ရှိသည်။ ရာဇသတ်ကြီးပါ အမျိုးသမီးအခွင့်အရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာဥပဒေနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေးမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆောင်ရွက်ပြီး အစိုးရပိုင်မီဒီယာများကတစ်ဆင့် ဆက်လက်ထုတ်လွှင့်လျက်ရှိသည်။

အထက်ပါဆောင်ရွက်ချက်များသည် နိုင်ငံတော်အစိုးရ အဆက်ဆက်ဆောင်ရွက်လာသည့် လုပ်ငန်းစဉ်များပင်ဖြစ်ပြီး လိင်အကြမ်းဖက်မှုတိုက်ဖျက်ရေးအပေါ် မြန်မာနိုင်ငံ၏ ခိုင်မာသော ကတိကဝတ်ကို သက်သေထူလျက်ရှိသည်။

သို့ရာတွင် ကုလသမဂ္ဂ၏ထုတ်ပြန်ချက်တွင် အတည်မပြုနိုင်သော သတင်းအချက်အလက်များနှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ကဲ့သို့သော ယန္တရားများမှ တစ်ဖက်သတ်စွပ်စွဲချက်များကိုသာ မှီငြမ်းထားကြောင်းတွေ့ရှိရသည်။ ယင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် ပုံရိပ်ကိုထိခိုက်စေရန် ရည်ရွယ်သည့် နိုင်ငံရေးဖိအားပေးမှု သက်သက်သာဖြစ်သဖြင့် အဆိုပါထုတ်ပြန်ချက်ကို မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်သကဲ့သို့ ထုတ်ပြန်ချက်ကို ကန့်ကွက်ပယ်ချသည်။

မြန်မာနိုင်ငံသည် အမျိုးသမီးများနှင့် အခြားထိခိုက်လွယ်သော အုပ်စုများ (vulnerable group) ၏ အခွင့်အရေးနှင့် လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် ယုံကြည်လက်ခံနိုင်သော ထုတ်ပြန်ချက်များကိုသာ ထုတ်ပြန်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအပေါ် ဘက်မလိုက်ဘဲ အပြုသဘောဆောင်သော ချဉ်းကပ်မှုမျိုးဖြင့်သာ ဆက်ဆံဆောင်ရွက်ရန် မြန်မာနိုင်ငံက တိုက်တွန်းသည်။

**ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားကော်မတီ**

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်**

# မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လှည်းငုတ်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိရှမ်းစုကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၁၈ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် စီးတော်မြင်းဝန်ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၉၃ ပါးနှင့် ဒေသခံပြည်သူဦးရေ ၁၀၀ တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Online Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# မြစ်ကြီးနားလေဆိပ်မှ ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV Suicide Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားလေဆိပ်သည် မြစ်ကြီးနားမှ ရန်ကုန်မြို့နှင့် မန္တလေးမြို့ အပါအဝင် မြန်မာနိုင်ငံရှိ လေဆိပ်များရှိရာ အခြားမြို့ကြီးများသို့ ဆက်သွယ်သွားလာပျံသန်းလျက်ရှိပြီး ကချင်ပြည်နယ်ရှိ လေဆိပ်များအနက် ကုန်သွယ်ရေးနှင့် ခရီးသည်ဝန်ဆောင်မှုသွားလာရေးအတွက် အဓိကကျအရေးပါသော အခန်းကဏ္ဍတွင်ရှိနေသည့် လေဆိပ်တစ်ခုလည်းဖြစ်သည်။

အဆိုပါ ကချင်ပြည်နယ်၏ အဓိကလေကြောင်းဗဟိုချက်တစ်ခုဖြစ်သော အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်အား KIAအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် FPV Suicide Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဗုံးစထိမှန်ပျက်စီးခဲ့ပြီး လေယာဉ် ခရီးစဉ်ရပ်နားခဲ့ရသည်။

အကြမ်းဖက်အဖွဲ့များအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူအသုံးပြုလျက်ရှိသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဒေသခံပြည်သူများအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးကပါ လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ စက်ဆုပ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထို့ပြင် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)၊ မြန်မာနိုင်ငံဇဝ်ဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)၊ သနတ္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာ-ရှိအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့ (ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) တို့ကလည်း ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရှိရသည်။

(၅၀၁)

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား FPV Suicide Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် လေယာဉ်ထိခိုက်ပျက်စီးခဲ့ရသည့်ဖြစ်ရပ်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်အချိန်ခန့်က စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် အထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်အား FPV Suicide Drone များအသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း ကြားသိရပါသည်။

ယင်းကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အသိဉာဏ်နည်းပါးပြီး ယုတ်မာရိုင်းစိုင်းစွာ အကြမ်းဖက်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အား နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသလို မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) ကလည်း လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ထွက်ခွာမည့် မြန်မာအမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်သည် မြစ်ကြီးနားလေဆိပ်တွင် ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာရန် ပြင်ဆင်နေစဉ် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် FPV Suicide Drone များဖြင့် ဆင်ခြင်တုံတရားကင်းမဲ့စွာ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အား မိမိတို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ထွက်ခွာမည့် မြန်မာအမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ အပြစ်မဲ့အရပ်သားပြည်သူများစီးနင်းလိုက်ပါသည့် ခရီးသည်တင်လေယာဉ်အား ပစ်ခတ်တိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်သည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော် (ပဲခူး)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ထွက်ခွာမည့် မြန်မာအမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်သည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာရန်ပြင်ဆင်နေစဉ် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ကြားသိရပါသည်။

ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြုသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို FPV Suicide Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဝမ်းနည်းဖွယ် ကြားသိရပါသည်။ ထို့ကြောင့် မိမိတို့ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)က ၎င်းအကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

ဖေဖော်ဝါရီလ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား FPV Suicide Drone များ အသုံးပြုပြီး ခရီးသွားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်အချိန်ခန့်က မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ကြားသိရသည့်အတွက် ပြည်သူများနှင့်ထပ်တူ ဝမ်းနည်းရပါသည်။ ထိုသို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသည့် နေရာများကို အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် ယုတ်မာပက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သည်သတင်းကို ဝမ်းနည်းဖွယ် သိရှိရပါသည်။

ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယမန်နေ့ညပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အရပ်ဘက်လေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို FPV Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းကြောင့် လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ကြောင်းသိရှိရပြီး ခရီးသွားပြည်သူများ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက အသိတရားကင်းမဲ့စွာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့မှုအား မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက် ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များအသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ရပါသည်။

၂။ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူများအနေဖြင့်လည်း လုံးဝလက်မခံပါကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များကိုလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့က Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းကို စိတ်မချမ်းမြေ့ဖွယ်ရာ သိရှိရပါသည်။

၂။ ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့၏ ယုတ်မာရိုင်းစိုင်းစွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်းကို စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံသဘင် အစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လေဆိပ်အား ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က FPV Suicide Drone များအသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း ဝမ်းနည်းဖွယ်သတင်းကို ကြားသိရပါသည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်း လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ရပါသည်။

ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ စစ်ရေးနှင့်မသက်ဆိုင်သည့် အကြမ်းဖက် လုပ်ရပ်အား သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာ အပ်ပါသည်။

သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ခရီးသည်တင်လေယာဉ် တစ်စင်းအား Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်မှုအပေါ် မိမိတို့ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ လုံးဝလက်မခံကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းသည် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေစဉ် ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက FPV Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက် လုပ်ရပ်အား မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ ရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ် တစ်စင်းအား KIAအဖွဲ့နှင့်PDFအမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက Drone များဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်အား တစ်နိုင်ငံလုံးရှိ ပြည်သူများက စက်ဆုပ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိသည့်အပြင် မြန်မာရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ ရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

(၁) KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် မြစ်ကြီးနားလေဆိပ်၌ အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် အထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်အား FPV Suicide Drone များ အသုံးပြု၍ ရက်စက်ယုတ်မာစွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

(၂) ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအား မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား မြစ်ကြီးနားလေဆိပ်၌ ရပ်တန့်ထားစဉ် KIA အဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့က ယမန်နေ့ညတွင် Drone ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့၏ လုပ်ရပ်အား မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကန့်ကွက်ရှုတ်ချခြင်း

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်မှု ပျက်စီးစေရန်ရည်ရွယ်၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လေဆိပ်အား ဖေဖော်ဝါရီလ ၁၂ ရက်နေ့က FPV Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြသည်။

ဖေဖော်ဝါရီလ ၂၀ ရက်နေ့၊ ည ၈ နာရီ ၁၂ မိနစ်တွင်လည်း မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR – 72 – 600 အမျိုးအစားခရီးသည်တင်လေယာဉ်တစ်စင်းသည် မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန်ပြင်ဆင်နေစဉ် ခရီးသွားပြည်သူများ သေဆုံးဒဏ်ရာရစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခဲ့သည်။

ထိုသို့ စစ်ဆင်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ကာ ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု ( War Crime ) ကို ကျူးလွန်ခဲ့သည့် KIA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ရှေးတိုက်ဒုံးများဖြင့် အဝေးမှ ပစ်ခတ်ခြင်း၊ ဒုံးများအသုံးပြု၍ Drone Bomb များဖြင့်တိုက်ခိုက်ခြင်းများကို အကြမ်းဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီလ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား FPV Suicide Drone များ အသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လေယာဉ်အစိတ်အပိုင်းအချို့ ပျက်စီးခဲ့ရပါသည်။

၃။ ဤလုပ်ရပ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေမည့်ကိစ္စရပ်များကို ရည်ရွယ်ချက်ရှိရှိ ပြုမူဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါ အကြမ်းဖက်သမားများ၏လုပ်ရပ်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်း မရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာအသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင် မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည် မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည် ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင် ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

❍ ရှေးတိုက်ဒုံးများတွေ့ရှိမှု

ယနေ့နံနက် ၆ နာရီခွဲခန့်တွင် တာဝန်သိပြည်သူများ၏ သတင်းပေးချက်များအရ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါလယ်ကွင်းအတွင်း၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များက ပစ်ခတ်ရန်ပြင်ဆင်ထားသည့် PC ပိုက်(အပြာ) စွပ်လျက်အနေအထားဖြင့် ရှေးတိုက်ဒုံး ခြောက်လုံး တွေ့ရှိရသဖြင့် အများပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ဒုံးသီးများကို စနစ်တကျသက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။





ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆင်ဖုန်(မြောက်)ကျေးရွာအနီး လယ်ကွင်း၌ ပစ်ခတ်ရန်ပြင်ဆင်ထားသည့် ရှေးတိုက်ဒုံးကို တွေ့ရစဉ်။

အဆိုပါနေရာတစ်ဝိုက်ကို နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေရှင်းလင်းရေး လုပ်ငန်းများနှင့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ သတင်းများနှင့် အကြမ်းဖက်လုပ်ရပ်များကို မသင်္ကာဖွယ်တွေ့ရှိပါက ယခုကဲ့သို့ သတင်းပေးပို့ခြင်းဖြင့် အများပြည်သူတို့ ထိခိုက်ပျက်စီးမည့် အန္တရာယ်မှ ကာကွယ် စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ)

# ရွှေတိဂုံစေတီတော် ၂၆၁၄ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ဖွင့်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူ ဘုရားလှည့်လည်ပူဇော်ပွဲ ကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရွှေတိဂုံစေတီတော် ၂၆၁၄ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖွင့်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူ ဘုရားလှည့်လည်ပူဇော်ပွဲကို ယနေ့ နံနက် ၈ နာရီက ရွှေတိဂုံစေတီ ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ များက နှစ်ကျိပ်ရှစ်ဆူဘုရားများကို ရွှေပေါင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှစတင်ကာ ရွှေတိဂုံ စေတီတော်မြတ်ကြီးအား တစ်ပတ် လှည့်လည်ပူဇော်၍ ချမ်းသာကြီး တန်ဆောင်းအတွင်း ပင့်ဆောင်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ၂၆၁၄ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ရွှေတိဂုံ စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသ ကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိထံမှ ဧည့် ပရိသတ်များက သီလခံယူဆောက်တည် ကြသည်။

ယင်းနောက် ဗုဒ္ဓပူဇနိယတပေါင်း ပွဲတော်ကျင်းပရေးနှင့် စပ်လျဉ်း၍ အလှည့်ကျ သဘာပတိဂေါပကအဖွဲ့ဝင် ဦးသောင်းစိန်ဦးက ဗုဒ္ဓပူဇနိယမင်္ဂလာအဖွင့် စကားဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်၊ ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ဝင်များက ဆီမီးထွန်းညှိ ပူဇော်ပြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ဖွင့်လှစ်ပေးကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါ စရိယဆရာတော်ကြီးများနှင့် ဧည့်ပရိသတ် များက မဟာပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်ကို စုပေါင်းရွတ်ဖတ်ပူဇော်ကြပြီး ဗဟိုမဏ္ဍပ်အတွင်းရှိ ရတနာဃရ စံအိမ်တော်အတွင်း အသင့်နေရာယူထား သော သံဃာတော်က မဟာပဋ္ဌာန်း ဒေသနာတော်ကို အသံမစဲဆက်လက် ရွတ်ဖတ်ပူဇော်သည်။

ရွှေတိဂုံစေတီတော် ၂၆၁၄ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် မဟာပဋ္ဌာန်း ဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲကို မတ် ၂ ရက်ထိ ၁၀ ရက်တိုင်တိုင် ကျင်းပသွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နယ်စပ်ရေးရာဝန်ကြီးဌာနက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း ဆောင်ရွက်ပေးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး



နေပြည်တော် ဖေဖော်ဝါရီ ၂၁

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆောင်ရွက်ပေးလျက် ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ် ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် မန္တလေးတိုင်းဒေသ ကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် သီးပင်ကုန်းကျေးရွာမှ အောင်သုခဓမ္မ ရိပ်သာသို့ဆက်သွယ်ထားသည့် မြေသား လမ်းတစ်မိုင်သုံးဖာလုံအနက်လေးဖာလုံကို ၁၂ ပေအကျယ်ကွန်ကရစ်ခင်းခြင်း၊ အဆိုပါ လမ်းပေါ်တွင် ၅' x ၅' x၂၆' Box Culvert နှစ်စင်းတည်ဆောက်ခြင်း၊ အောင်သုခ ဓမ္မရိပ်သာကျောင်းဝင်းအတွင်း မော်တော် ဆိုင်ကယ်သွားမြေသားလမ်း တစ်ဖာလုံကို ၁၀ ပေအကျယ် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ယခုအခါရာနှုန်းပြည့်ဆောင် ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ကြီးကြပ်မှုဖြင့် အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ မှုကြောင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုသုံးစုမှ ကျေးရွာ ၁၀ ရွာရှိ ဒေသခံပြည်သူများအနေဖြင့် ဒေသ ထွက်ကုန်သီးနှံများ ရောင်းဝယ်ဖောက် ကားသယ်ယူပို့ဆောင်ရာ၌ ယခင်ကထက် ပိုမိုလွယ်ကူချောမွေ့ အဆင်ပြေလာပြီဖြစ် သည့်အတွက် ဒေသတွင်း ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ ( ၂၁ - ၂ - ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မိုင်းယန်း | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | နမ့်စန် | ၁၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | ဟားခါး | ၁၁ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | သီပေါ | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | လားရှိုး | ၁၂ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မိုးကောင်း | ၁၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့်မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ် ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ် အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |


မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက် ပညာလည်ပေး၊ ဗဟုသုတလည်းရ ဟာသလည်းပါ၊ ဉာဏ်ရည်လည်းတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းစိုးပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းသြဇာ၊ ကာတွန်းမောင်တင်ယုနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ ဌေးကြည်(စလင်း)၊ မင်းနီခိုင်(မောင်တော)၊ မောင်ငြိမ်းရည်(မင်းကင်း)၊
- ချစ်စုအောင်၊ မင်းရွှေမင်း(အင်းစိန်)နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့်
- ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၁၇-၂-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၃၀)၊ အမှတ်(၇)ထွက်ပြီ။



• အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ •

# ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်အတွင်း လောင်ကျွမ်းနေသောတောမီးကြောင့် ဒေသခံများကို ဘေးလွတ်ရာအမြန်ဆုံးရွှေ့ပြောင်းရန် အာဏာပိုင်များက သတိပေးထား



ကင်ဘာရာ ဖေဖော်ဝါရီ ၂၁

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်အတွင်း လောင်ကျွမ်းနေသောတောမီးများကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ အမြန်ဆုံးရွှေ့ပြောင်းရန် အာဏာပိုင်များက ယနေ့တွင် သတိပေးထားကြောင်း သိရသည်။

လက်ရှိတွင် တောမီးလောင်ကျွမ်းမှု အရေးပေါ်အဆင့် သတ်မှတ်ထားပြီး ဗစ်တိုးရီးယားပြည်နယ် မြို့တော် မဲလ်ဘုန်း၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၅၀ ခန့်အကွာရှိ ခရီဒေသအနီး သတ္တုတူးဖော်ရေးလုပ်ငန်းခွင်တွင် တောမီးအန္တရာယ် ပိုမိုမြင့်မားနေကြောင်း၊ ထို့သို့တောမီးအန္တရာယ် ပိုမိုမြင့်မားနေသဖြင့် ခရီဒေသအနီး သတ္တုတူးဖော်ရေးလုပ်ငန်းခွင်နေ ဒေသခံများအပါအဝင် တောမီးကူးစက်နိုင်သည့် လူနေရပ်ကွက်များရှိ ဒေသခံများကိုပါ ဘေးလွတ်ရာ ချက်ချင်းရွှေ့ရန် အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များက သတိပေးထားပြီး လက်ရှိ အချိန်ထိလည်း တောမီးကိုထိန်းချုပ်နိုင်ခြင်း မရှိသေးကြောင်း၊ တောမီးသည် တောင်တန်းဒေသတွင် လောင်ကျွမ်းနေခြင်းဖြစ်သည့်အတွက် မီးသတ်တပ်ဖွဲ့များ မြေပြင်မှ မီးငြိမ်းသတ်ရာတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

ထို့ပြင် ဗစ်တိုးရီးယားပြည်နယ်အတွင်းရှိ အခြားနေရာသုံးခုတွင်လည်း တောမီးများလောင်ကျွမ်းနေသဖြင့် စောင့်ကြည့်နေကြရကြောင်း၊ ဩစတြေးလျနိုင်ငံအရှေ့တောင်ပိုင်းတွင် ယခုနှစ်အစောပိုင်းကတည်းက အပူချိန်မြင့်တက်မှုကြောင့် တောမီးများလောင်ကျွမ်းခဲ့ကာ နေအိမ်များပျက်စီးခဲ့ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယခုအခါ တောမီးဘေးသင့်ဒေသများရှိ ပြည်သူများကို သတိပေးချက်များအတိုင်း လိုက်နာပြီး မီးဘေးလုံခြုံရေးကို ဦးစားပေးဆောင်ရွက်ကြရန် အာဏာပိုင်များ တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အာရှအလယ်ပိုင်းတွင် မိုးခေါင်ရေရှားမှုဖြင့် ဆိုးရွားစွာဆက်လက်ရင်ဆိုင်ရဖွယ်ရှိနေ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အာရှအလယ်ပိုင်းနိုင်ငံများဖြစ်သည့် ကာဇက်စတန်နိုင်ငံနှင့် တာဂျစ်ကစ္စတန် နိုင်ငံတို့တွင် ၂၀၂၅ ခုနှစ်အတွင်း မိုးခေါင်ရေရှား မှုဖြင့် အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရပြီး ယခုနှစ်အတွင်း၌လည်း မိုးခေါင်ရေရှားပါးမှုဖြင့် ဆိုးရွားစွာဆက်လက်ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အမေရိကန်နိုင်ငံ အလာဘားမား တက္ကသိုလ်မှ သုတေသီများ ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါနိုင်ငံများတွင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း မိုးရွာသွန်းခဲ့မှု နှိုင်းယှဉ်ပြဇယားကိုလည်း ထုတ်ပြန်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် မိုးရွာသွန်းမှုနှုန်းကျဆင်းလာခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း ကာဇက်စတန်နိုင်ငံရှိတော့ကူးယဉ်ရေလှောင်တမံနှင့် တာဂျစ်ကစ္စတန်နိုင်ငံရှိ နူရက်ခ်ရေလှောင်တမံတို့တွင် ရေပမာဏကျဆင်းမှုမှာ သမိုင်းတစ်လျှောက် အဆိုးရွားဆုံးနိမ့်ကျခဲ့ကြောင်း၊ သုတေသနရလဒ်များအရ ယခုနှစ်တွင်လည်း ကာဇက်စတန်နိုင်ငံနှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့တွင် သောက်သုံးရေ ခက်ခဲသည့်အခြေအနေမျိုးဖြင့် ရင်ဆိုင်ရနိုင်ကြောင်း သုတေသီခေါင်းဆောင် ဒေါက်တာ အဲရင်မန်ဇီက သုံးသပ်ပြောကြားခဲ့သည်။

"အာရှအလယ်ပိုင်းဒေသတွေမှာ တစ်နှစ်ထက်တစ်နှစ် မိုးခေါင်ရေရှားပါးမှုအခြေအနေက ဆိုးရွားစွာ မြင့်တက်လာပါတယ်။ ၂၀၂၅ ခုနှစ်အတွင်းမှာဆိုရင် စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ ရိုက်ခတ်မှုကြီးမားခဲ့တယ်။ ကာဇက်စတန်နိုင်ငံရဲ့ အဓိကရေလှောင်တမံဖြစ်တဲ့ တော့ကူးယဉ်ရေလှောင်တမံနဲ့ တာဂျစ်ကစ္စတန်နိုင်ငံမှာရှိတဲ့ နူရက်ခ်ရေလှောင်တမံတို့မှာ ရေပမာဏသိသိသာသာ ကျဆင်းနေတယ်။ သက်တမ်းတစ်လျှောက် အနိမ့်ဆုံးအဆင့်ကို ရေပမာဏ ကျဆင်းနေတယ်။ ယခုနှစ်အတွင်းမှာလဲ မိုးခေါင်ရေရှားပါးမှုအခြေအနေ မြင့်တက်လာနိုင်တဲ့အတွက် မိုးခေါင်ရေရှားပါး အခြေအနေ ပိုဆိုးလာနိုင်တယ်။ သောက်သုံးရေရှားပါးတဲ့အခြေအနေမျိုးကိုတောင် ရောက်သွားနိုင်တယ်"ဟု ဒေါက်တာ အဲရင်မန်ဇီက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အင်္ဂလန်နိုင်ငံ ဆပ်ဆက်ကောင်တီအနောက်ဘက်ပိုင်းတွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ

လန်ဒန် ဖေဖော်ဝါရီ ၂၁

အင်္ဂလန်နိုင်ငံ ဆပ်ဆက်ကောင်တီ အနောက်ဘက်ပိုင်းက ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

လူနေအိမ်တချို့နှင့်လမ်းမကြီးတချို့ ရေလွှမ်းနေပြီး ဆပ်ဆက်ကောင်တီ အနောက်ဘက်ပိုင်းရှိ လစ်တဲဟမ်တန်ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားရကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားခဲ့ပြီး အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေစီးနှင့်အတူ အမှိုက်သရိုက်များ လမ်းမကြီးထက်တွင် ပိတ်ဆို့မှုဖြစ်ပွားနေသကဲ့သို့ လူနေအိမ်များအတွင်းသို့လည်း အမှိုက်သရိုက်များ စီးဝင်ခဲ့ကြောင်း သိရသည်။



"ဆပ်ဆက်ကောင်တီအနောက်ဘက်ပိုင်းဒေသတွေမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးတော့ ရေကြီးရေလျှံမှုဖြစ်ပွားနေပါတယ်။ ဒေသခံတချို့ အရေးပေါ်အခြေအနေနဲ့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ယာယီကယ်ဆယ်ရေးစခန်းတွေဖွင့်လှစ်ပြီးတော့ နေရာချပေးထားပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံအများစုက လစ်တဲဟမ်တန်ဒေသခံတွေဖြစ်ပါတယ်။ မိုးရေချိန်မြင့်တက်နိုင်ဆဲ ဖြစ်တဲ့အတွက်ကြောင့် ရေကြီးရေလျှံမှု အခြေအနေဟာလဲ ပိုမိုဆိုးရွားလာနိုင်ပါတယ်" ဟု သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဂျာမနီနိုင်ငံတောင်ပိုင်းရှိ ဘာဗေးရီးယားပြည်နယ်တွင် နှင်းထုထပ်စွာကျဆင်းမှုကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့ပြီး လေကြောင်းခရီးစဉ်နှောင့်နှေးမှုများဖြစ်ပေါ်ခဲ့

ဘာလင် ဖေဖော်ဝါရီ ၂၁

ဂျာမနီနိုင်ငံတောင်ပိုင်းရှိ ဘာဗေးရီးယားပြည်နယ်တွင် နှင်းထုထပ်စွာကျဆင်းမှုကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့ပြီး လေကြောင်းခရီးစဉ်များ နှောင့်နှေးမှုဖြစ်ပေါ်ခဲ့ရကြောင်း အာဏာပိုင်များကယနေ့တွင်ပြောကြားခဲ့သည်။

နှင်းများထုထပ်စွာကျဆင်းမှုနှင့် လမ်းများရေခဲမှုကြောင့် ဘာဗေးရီးယားပြည်နယ် အထက်ပိုင်းဒေသတွင် ယာဉ်မတော်တဆမှုဖြစ်စဉ် ၇၅ ခုနှင့်ဖြစ်ပွားခဲ့ကြောင်း၊ ယာဉ်မတော်တဆမှုအများစုမှာ လမ်းမျက်နှာပြင်များ ရေခဲဖုံးလွှမ်းနေခြင်းကြောင့် ယာဉ်များထိန်းချုပ်မှုလွတ်ကာ ဖြစ်ပွားခြင်းဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ဆိုထားသည်။

ထို့ပြင် နှင်းထုထပ်စွာကျဆင်းမှုကြောင့်မြူးနစ်လေဆိပ်တွင်လည်း လေကြောင်းခရီးစဉ် ၁၅၀ ခန့် ဖျက်သိမ်းရမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လေဆိပ်အာဏာပိုင်များ၏ပြောကြားချက်အရ ယနေ့မှစ၍ လေဆိပ်လုပ်ငန်းများကို ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရန် ဆောင်ရွက်နေပြီး ရက်သတ္တပတ်ကုန်တွင် အခြေအနေ တည်ငြိမ်လာမည်ဟု ခန့်မှန်းထားသည်။

နှင်းကျဆင်းမှုနှင့် လမ်းများရေခဲမှု ဆက်လက်ဖြစ်ပေါ်နိုင်သဖြင့် ယာဉ်မောင်းများကို သတိထား မောင်းနှင်ကြရန်နှင့် မလိုအပ်ပါက ခရီးသွားလာမှု လျှော့ချရန် ဘာဗေးရီးယားပြည်နယ် အာဏာပိုင်များက တိုက်တွန်းထားပြီး အရေးပေါ်ဝန်ဆောင်မှု အဖွဲ့များကလည်း လမ်းပန်းဆက်သွယ်ရေး လုံခြုံစေရေးအတွက် နှင်းဖယ်ရှားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အမေရိကန်နိုင်ငံ ကန်ဆက်ပြည်နယ်အနောက်တောင်ပိုင်းတွင် လောင်ကျွမ်းနေသော တောမီးထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အမေရိကန်နိုင်ငံ ကန်ဆက်ပြည်နယ် အနောက်တောင်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးသည်ထိန်းချုပ်ရခက်သည့် အဆင့်သို့ရောက်ရှိနေကြောင်း ကန်ဆက်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကန်ဆက်မီးသတ်တပ်ဖွဲ့ဝင်များက တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ကြိုးစားပေးနေကြောင်း၊ တောမီးကို ထိန်းချုပ်ပေးနိုင်ရန်ကြိုးစားပေးနေသည့် မီးသတ်တပ်ဖွဲ့ဝင်တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ရာသီဥတုအခြေအနေကြောင့် တောမီးကူးစက်မှုနှုန်းမြန်ဆန်နေပြီး လူနေအိမ်နှင့် အခြေခံအဆောက်အအုံများဆီသို့ ကူးစက်လောင်ကျွမ်းနေကြောင်း သိရသည်။

"ကန်ဆက်ပြည်နယ် အနောက်တောင်ဘက်ပိုင်းနဲ့ အနောက်ဘက်ပိုင်းတွေမှာ တောမီးကူးစက်လောင်ကျွမ်းနေပါတယ်။ တိုပီကာဒေသမှာတော့ လူနေအိမ်ခြေတချို့ တောမီးကူးစက်လောင်ကျွမ်းခဲ့ပြီး ဒေသခံတွေကိုလဲ အရေးပေါ်အခြေအနေနဲ့ ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရပါတယ်။ လူနေအိမ်ကူးစက်လောင်ကျွမ်းမှုကို မီးငြိမ်းသတ်ပေးဖို့ကူညီပေးရင်း မီးသတ်တပ်ဖွဲ့ဝင်တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ တော်တော်ကိုအန္တရာယ်များတဲ့အခြေအနေဖြစ်ပါတယ်။ ကျေးလက်ဒေသတချို့မှာလဲ တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပေမဲ့ အချိန်မီ တောမီးကို ထိန်းချုပ်နိုင်ခဲ့တဲ့အတွက် အန္တရာယ်မရှိခဲ့ပါဘူး" ဟု ကန်ဆက်မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရှော့ဟက်မန်းက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကလျာ

# အကောင်းဆုံးဆေး

အမေ့သား(နတ်မောက်)



(၁)

ချောင်းအတွင်း ရေစီးကလေး ကြည်လင်စွာ စီးဆင်းနေသည်ကို ထွန်းလွင် ကျောင်းဆင်းချိန်မှာ လှမ်းမြင်လိုက်ရ၏။ စိုးအောင်တို့ ရေသွားဆော့ကြမည်ဆို၏။ ထွန်းလွင်လည်း ရေသွားဆော့ချင်သည်။ အဖြူအစိမ်းကလေး ညစ်ပေသွားမည်စိုးတာကြောင့် ဒီတိုင်းကြီးတော့မသွားချင်။ အိမ်ပြန်ပြီး အဝတ်အစားလဲမည်။ တစ်ခုတော့စိုးရိမ်ရသည်။ အမေသိလျှင် လွှတ်လိမ့်မည်မဟုတ်။ မသိအောင် ခိုးထွက်ရမည်။

ထွန်းလွင် ခြေကိုဖွနင်းပြီး အိမ်ပေါ်တက်လိုက်သည်။ ထွန်းလွင် ကံကောင်းသည်။ အိမ်မှာ အမေရှိမနေပေ။ တောထဲက ပြန်မရောက်သေးတာဖြစ်မည်။ အဝတ်အစားအမြန်လဲပြီး အိမ်ပေါ်မှ ခပ်မြန်မြန်ပြန်ဆင်းခဲ့သည်။

သုတ်ခြေတင်ကာပြေးတော့ ခဏလေးနှင့် ချောင်းထဲရောက်၏။ စိုးအောင်တို့ ဆူညံစွာ ရေကစားနေကြသည်။ စိုးအောင်တို့အနားအမြန်သွားပြီး ရေထဲဆင်း၏။ ရေစီးက ထွန်းလွင်တို့ မျောပါစီးနင်း၍ရရုံ သန်နေသေး၏။ ချောင်းအထက်လျှောက်သွားပြီး စိုးအောင်တို့နှင့်အတူ ရေစီးကလေးနှင့် မျောပါစီးနင်းလိုက်သည်။ လွတ်လပ်ပေါ့ပါးနေ၏။ တစ်ယောက်နှင့်တစ်ယောက် စနောက်နေကြသည်က ပျော်စရာကောင်းလှသည်။

ဤကဲ့သို့ အခေါက်ခေါက်အခါခါ ရေစီးကလေးထဲ မျောပါစီးနင်းနေရာ အချိန်ကုန်လို့ ကုန်မှန်းပင် မသိပေ။ နေမင်းပင် အနောက်တောင်စောင်းမှာ မေးတင်နေပြီ။ အိမ်ပြန်ချိန်တန်ပြီ။ ထွန်းလွင်မပြန်ချင်သေး။ ဆော့လို့မဝသေး။ ရေထဲမှာ နှာခေါင်းပိတ်ပြီး ခေါင်းငုံ့ကာ မည်သူ အချိန်အကြာဆုံး နေနိုင်သည်ကို စိုးအောင်တို့နှင့် ပြိုင်ချင်သေးသည်။ စိုးအောင်တို့ကို စိန်ခေါ်ပြီး ရေအနည်းငယ်နစ်သည့်နေရာဆီ ချီတက်ခဲ့ကြသည်။

"ထွန်းလွင်... မဝသေးဘူးလား ဟင်"

အသံကြားတော့ ထွန်းလွင် လန့်သွားသည်။ လှည့်ကြည့်လိုက်တော့ ထင်သည့်အတိုင်း အမေဖြစ်နေသည်။ အမေ့မျက်နှာသည် ရွှင်ပျနေ၏။ အသံက ချိုသာနေ၏။ ခေါင်းပေါင်းပင် မချွတ်အားသေးသည်က တောထဲမှရောက်ရောက်ချင်း ထွန်းလွင်နောက် လိုက်လာခဲ့ခြင်းဖြစ်မည်။ သို့တိုင် အမေ့မျက်နှာထက်ဝယ် ဒေါသအရိပ်အယောင် တစ်စက်မျှမတွေ့ရသည်က ထူးဆန်းနေပါ၏။ အမေသည် ဤသို့နှယ် ဟန်ဆောင်ကောင်းလှသည်ကို တစ်ကြိမ်မကကြုံဖူးထားသည့် ထွန်းလွင် ပိုလို့ပင်ကြောက်လန့်နေမိပါသည်။

"နေဝင်နေပြီ။ လာ ပြန်ကြမယ်"

အပြုံးနှင့် ဆိုသည်။ စိုးအောင်တို့တစ်တွေက မင်းအမေက သဘောကောင်းလိုက်တာ ဟု ဆိုကြသည်။ အမေ့အကြောင်းသိသည့် ထွန်းလွင် ဘာမှပြန်မပြောမိ။ တုန်ယင်နေသောခြေလှမ်းများဖြင့် အမေ့ဆီသို့ လျှောက်လာလိုက်သည်။ အမေ့အပြုံးကို ထွန်းလွင်ကြောက်နေမိသည်။ အမေသည် ထွန်းလွင်ကို အများတကာရှေ့မှာ မည်သည့်အခါမှ ဟိန်းတာ၊ ဟောက်တာ၊ ဆူတာ၊ ဆဲတာမျိုး မလုပ်ခဲ့။ ရိုက်နှက်ဖို့ဆိုသည်ကား ဝေးလေစွ။ အိမ်ရောက်မှသာ

"ရေသွားမဆော့ရပါဘူးဆိုတာ ဘယ်နှစ်ခါပြောရမလဲ။ လာစမ်း ဆော့ချင်အုံး။ ကဲဟယ်... ကဲဟယ်"

အမေသည် ထွန်းလွင်လက်ကိုဆွဲကိုင်ထားပြီး ဝါးခြမ်းပြားဖြင့် ထွန်းလွင်ခြေသလုံးကို အဆက်မပြတ်ရိုက်၏။ အင်မတန်နာကျင်သည့်တိုင် ထွန်းလွင် ရုန်းပြေးလို့မရပေ။

"နောက် ဆော့အုံးမလား။ ပြောစမ်း..."

အမေက ထွန်းလွင်ကို စိုက်ကြည့်ပြီး မေးသည်။ နာကျင်မှုဝေဒနာသည် ဘယ်ဆီသို့ပင်ရောက်သွားသည်မသိအောင် အမေ့အကြည့်ကို ထွန်းလွင် ကြောက်လန့်နေမိသည်။

"မဆော့တော့ပါဘူး။တကယ်မဆော့တော့ပါဘူး။ ကြောက်ပါပြီ အမေရဲ့... ဟီး ဟီး"

မျက်ရည်များ တသွင်သွင် စီးကျလာသည့်တိုင် အမေသည် ဒေါသအရှိန် ပြေသေးဟန်မတူသေး။ ကြောက်မက်ဖွယ် မျက်လုံးများနှင့် ထွန်းလွင်ကို ကြည့်နေဆဲပင်။

"ကလေးပဲ ဆော့ချင်မှာပေါ့ဟာ။ လာ လာ လူလေး"

တောထဲမှ ပြန်ရောက်လာသည့် အဖေ ဝင်ဆွဲလေမှ ထွန်းလွင် သက်သာရာရသည်။ သို့တိုင် ထွန်းလွင်သည်ရှိုက်၍ငိုနေဆဲ။အမေ့ကိုကြောက်လန့်နေဆဲပင်။

(၂)

အမေသည် ထွန်းလွင်အပေါ် ကျန်သည့်အရာများနှင့်ပတ်သက်၍ အလိုလိုက်ကာ ခွင့်လွှတ်တတ်သော်ငြား ရေနှင့်ပတ်သက်လျှင်တော့ အလိုမလိုက်။ ခွင့်မလွှတ်တတ်ပေ။ မမြင်ဖူးသည့် ဒေါသအရိပ်အယောင်များပင် ထွက်ပေါ်လာတတ်သည်ကို ထွန်းလွင် သတိထားမိသည်။ စိုးရိမ်ပူပန်တတ်သည်ဆိုသော်ငြား ဤမျှလောက် အဖြစ်သည်းနေစရာမလိုဟု ထွန်းလွင်ထင်သည်။ ထွန်းလွင်သည် အန္တရာယ်ကိုမရှောင်တိမ်းနိုင်သည့် ကလေးလည်းမဟုတ်တော့။ အရာရာကိုမသိသေးသည့်တိုင် ကိုယ့်အန္တရာယ်ကိုတော့ ကြည့်ရှောင်တတ်နေပါပြီ။

"လူလေး... အမေ့ကို စိတ်မဆိုးပါနဲ့ကွာ"

နေပူလာတာကြောင့် ဆီးပင်အရိပ်အောက် ဝင်ရောက်လာသည့် ထွန်းလွင်နောက်ကို အဖေလိုက်လာသည်။ အနားမှာထိုင်ပြီး ပခုံးလာပုတ်၏။ သူငယ်ချင်းပေါင်း ပေါင်းသည့် အဖေ့ကိုတော့ ထွန်းလွင်မကြောက်ပါချေ။

"စိတ်တော့မဆိုးပါဘူး အဖေရာ။ ဒါပေမဲ့ သူများတွေလဲဒီလိုပဲဆော့ကြတာပဲ။ သူတို့မိဘတွေက ဘာမှမပြောကြပါဘူး။ အန္တရာယ်ဖြစ်မဲ့နေရာမှ မဟုတ်တာ။ ကျွန်တော့်ကျမှ..."

ထွန်းလွင် ပြောရင်းဝမ်းနည်းလို့လာ၏။ ဆက်မပြောဘဲ အဝေးကို မျှော်ကြည့်လိုက်သည်။

"ဒီလို လူလေးရ။ မင်းအမေမှာ ရေနဲ့ပတ်သက်ပြီး ဒဏ်ရာတစ်ခုရှိခဲ့တယ်"

"ဗျာ"

အဖေ့စကားကြားတော့ ထွန်းလွင် အံ့ဩသွားရသည်။ မျက်လုံးကလေးအပြူးသားနှင့် အဖေ့ကို ကြည့်လိုက်သည်။ အဖေ့မျက်ဝန်းမှာ ဝမ်းနည်းရိပ်ကလေးများ ပြေးလွှားလှုပ်ရှားနေကြပါ၏။

"ဟုတ်တယ် လူလေး။ မင်းအမေမှာ ရေနဲ့ပတ်သက်ပြီး ဒဏ်ရာတစ်ခုရှိခဲ့တယ်။ အဲဒီဒဏ်ရာက ဘယ်တော့မှ ပျောက်သွားမှာမဟုတ်ဘူး"

အဖေက စကားကို ခဏရပ်သည်။ မကြားဖူးသည့် အကြောင်းအရာမို့ ထွန်းလွင် စိတ်ဝင်စားနေမိသည်။

မင်းအမေမှာ မောင်လေးတစ်ယောက်ရှိခဲ့တယ်။ သူနဲ့ သုံးနှစ်ပဲကွာတယ်။ မင်းလိုပဲ ရေသိပ်ကြိုက်တယ်။ မောင်နှမနှစ်ယောက်တည်းရှိတော့ တော်တော်လေးလဲချစ်ကြပုံပေါ်ပါတယ်။ ဘယ်သွားသွား အတူတူသွားကြတယ်။ ဘာလုပ်လုပ် အတူတူလုပ်ကြတယ်။ ဘာစားစား အတူတူစားကြတယ်။ တစ်နေ့မှာ..."

အဆုံးသတ်မှာ ဝမ်းနည်းသံထွက်နေသည်။ အဖေက ဆက်မပြောသေး။ သက်ပြင်းမော တစ်ချက်ချပြီးမှ ဆက်ပြောသည်။

"အဲဒီနေ့က မိုးတွေရွာနေတယ်။ မင်းအမေက နေမကောင်းလို့ ကျောင်းမသွားနိုင်ဘူး။ သူ့မောင်လေး တစ်ယောက်ထဲ ကျောင်းသွားတယ်။ ညနေစောင်း ကျောင်းဆင်းချိန်ရောက်တော့ သူ့မောင်လေး အိမ်ပြန်ရောက်မလာခဲ့ဘူး"

"ဘာဖြစ်လို့လဲဟင် အဖေ"

အဖေက ထွန်းလွင်ကိုကြည့်သည်။ အဖေ့မျက်ဝန်းမှာ ဝမ်းနည်းရိပ်တို့ အထင်းသားပေါ်လွင်နေပါသည်။

"သူငယ်ချင်းတွေနဲ့ ကစားနေတယ်ထင်ပြီး စိတ်အေးအေးနေကြတာပေါ့ကွာ။ ညမှောင်တဲ့ထိ ပြန်ရောက်မလာတော့မှ တစ်အိမ်လုံး စိတ်ပူလာကြတယ်။ လိုက်ရှာကြတာပေါ့ကွာ။ တစ်ရွာလုံးပါပဲ။ နေရာအနှံ့လိုက်ရှာတာမတွေ့ဘူး။နောက်ဆုံးကျမှ..."

"ဘယ်က ပြန်တွေ့လဲဟင် အဖေ"

"ဟိုး...ချောင်းထိပ်ဖျားက ရေကန်ထဲမှာ ပြန်တွေ့တယ် လူလေး။ ဒါပေမဲ့ အသက်မရှိတော့ဘူး။ သိပ်ဝမ်းနည်းဖို့ ကောင်းတယ်။ နောက်မှ စုံစမ်းကြည့်တော့ အဲဒီတစ်နေ့လုံး သူ့မောင်လေး ကျောင်းမလာဘူးတဲ့ကွာ"

ထွန်းလွင် ဘာစကားမှပင် ပြန်မပြောနိုင်သည်ထိ စိတ်မကောင်းဖြစ်သွားရပါ၏။

အဖေသည်လည်း ဘာမှဆက်မပြောဘဲ ရေဘူးကိုင်ပြီး ရေတစ်ကျိုက်မော့သောက်နေပါသည်။

"မင်းအမေမကြိုက်တာ မလုပ်ပါနဲ့ကွာ။ ရေမဆော့ရလို့ ဘာမှမဖြစ်ပါဘူး"

အဖေက ထွန်းလွင်ပခုံးကိုပုတ်ပြီး ထိုင်ရာမှထ၏။ တံစဉ်ကလေးကိုင်ပြီး နွားစာရိတ်ဖို့ ထွက်သွားတော့သည်။

ထွန်းလွင်ခမျာမှာတော့ အဖေပြောသည့် အမေ့အကြောင်းကို ပြန်ကြားယောင်ကာ ကျောက်ရုပ်တစ်ရုပ်ပမာ မတုန်မလှုပ်ဖြစ်လို့နေပါ၏။

(၃)

သဲကြီးမဲကြီး ရွာချနေသည့်မိုးနှင့်အတူ ရွာချောင်းကလေးဆီမှ ရေစီးသံက တဝေါဝေါနှင့် ကြားနေရသည်။ ရေကြိုက်တတ်သည့် ထွန်းလွင်၏ အခြေအနေကို အမေကအကဲခတ်နေသည်။ အမေ့ကွယ်ရာမှာ ထွန်းလွင် ပြုံးနေလိုက်သည်။ အဖေ့ဆီမှ အမေနှင့်ပတ်သက်သည့် ဖြစ်ရပ်မှန်ဇာတ်လမ်းကလေး ကြားသိရပြီးကတည်းက အမေမကြိုက်သည့် ရေကိုမဆော့မိဖို့ရာ ထွန်းလွင်ဆုံးဖြတ်ခဲ့ပြီးဖြစ်၏။ ဤမျှမကသေး။ အမေမကြိုက်သည့် မည်သည့်အရာမဆို မလုပ်မိအောင် ထွန်းလွင် သတိထားပြီးရှောင်၏။ တစ်စုံတစ်ခု ပြုလုပ်တော့မည်ဆိုက အဖေနှင့်အမေ့ထံ ပွင့်ပွင့်လင်းလင်း ပြောဆိုခွင့်တောင်းပြီး ခွင့်ပြုချက်ရလေမှ ပြုလုပ်တတ်လာ၏။ ထွန်းလွင်သည် အရွယ်နှင့်မလိုက် မိဘအပေါ် သိတတ်လိမ္မာလှသည့် လူကောင်းလူမွန်လေးအဖြစ် ပတ်ဝန်းကျင်မှာ နာမည်ကောင်းရလာလေ၏။ ကျောင်းစာမှာလည်း ပြောစရာမလိုအောင် ထူးချွန်သူဖြစ်တာကြောင့် ဆရာ၊ ဆရာမများ၏ အချစ်တော်လေး ဖြစ်လို့နေပြန်ပါ၏။ အမေ့မျက်နှာတွင် ဒေါသအရိပ်အယောင်လေးများ ရံဖန်ရံခါတွင်ပင် မတွေ့ရတော့ဘဲ အမြဲတစေ ကြည်လင်နေပါ၏။ အမေ့မျက်နှာကြည်လင်နေတော့ ထွန်းလွင်လည်း စိတ်ချမ်းသာရပါသည်။

"လူလေး... အမေ့ကို ဆီလေး တစ်ဆယ်သားလောက် သွားဝယ်ပေးစမ်းပါအုံး"

မိုးကား စဲလေပြီ။ နေကလေးပင် ပွင့်လာလေ၏။ ရွာချောင်းဆီမှ ရေစီးသံက အခုမှပင် ပို၍ကျယ်လောင်စွာ ကြားနေရသည်။ လှိုင်းလုံးကလေးများနှင့် ငြိမ့်ညောင်းစွာ စီးမျောနေကြသူများ၏ အော်ဟစ်ပျော်ရွှင်နေသံများကလည်း ကြည်ကြည်လင်လင် ထွက်ပေါ်လာလျက်ရှိ၏။

"ဟုတ်ကဲ့ အမေ"

အမေပေးသည့် ပိုက်ဆံနှင့် ဆီပုလင်းလေးကိုင်ပြီး ရွာမြောက်ပိုင်းရှိ ဈေးဆိုင်လေးဆီ ထွန်းလွင် ပြေးလာလိုက်သည်။

ဆက်လက်ဖော်ပြပါမည်။

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောဖူးစားပြောင်း ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**မုံရွာ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၂၄၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"အရာတော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၄၂၄၉ ကေထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးရန်ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးပြေမ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်း ငါးပြေမ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန် အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ငါးပြေမ ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ငါးပြေမ ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ပြည်တွင်း ရန်ကုန်ဈေးကိုပဲ ပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ပိဿာချိန်တော်တော်များများ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာများပါတယ်။ အခြား ရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ အများဆုံး တင်ပို့ရောင်းချနေရတဲ့ ငါးအမျိုးအစားပါ"ဟု ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြ၍ သိရသည်။



ကျိုက်လတ်မြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမ နှစ်မျိုး အများဆုံးထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးပြေမသည် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပြေမငါးအမျိုးအစားကို ထပ်တိုးမွေးမြူလာကြကြောင်း သိရသည်။

ကျော်ကျော်လင်း

# လှိုင်လင်မြို့နယ် အိမ်ခစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြန်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လှိုင်လင် ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှိုင်လင်မြို့နယ် အိမ်ခစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြန်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်လင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သန့်ဇင်၊ လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ)ဒေါ်ပန်းဖူးခိုင်၊ ဦးစီးအရာရှိ(နည်းပညာ) ဦးအာကာဖြိုးနှင့် တာဝန်ရှိသူများက လှိုင်လင်မြို့နယ် အိမ်ခစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြန်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ပြီးစီးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်သန့်ဇင်က လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

လှိုင်လင်မြို့နယ် အိမ်ခစ်ကျေးရွာ၌ အရှည် တစ်မိုင်လေးဖာလုံကျော်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းလမ်း သဲဖြန်းခင်းခြင်း လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေကျပ် ၁၂၆ ဒသမ ၄၆၁ သန်း အသုံးပြု၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

## စာဖတ်ပါ

\- စာပေကို ချစ်မြတ်နိုးလို့
စာတန်ဖိုး သိပါကွယ်၊
စာပေသည် ဘဝလမ်း
တက်လှမ်းငြိမ်းသဖွယ်၊
စာပေကြောင့် ဂုဏ်တင့်တယ်
ကိုယ့်မျိုးနွယ် ကမ္ဘာတစ်လွှား၊
နိုင်ငံ့ဂုဏ် စိတ်မှာလွှမ်းလို့
လျှောက်လှမ်းဝင့်ကြွား။

\- စာပေကို ဖတ်ပါများ
နှလုံးသား သောကစင်၊
နေ့တိုင်းကွယ် မြင်သမျှ
လှပနေ့စဉ်၊
မေတ္တာစိတ် မေတ္တာဝင်
ချစ်စိတ်ဝင် အမုန်းကင်း၊
စာပေသည် လူ့ကောင်းကျိုး
သယ်ပိုးဆောင်ကြဉ်း။

\- စာပေသည် အမှောင်ခွင်း
ဉာဏ်အလင်း ရောင်ခြည်ဖြာ၊
ဦးတည်နေ ခရီးလမ်း
ပန်းမွှေ့ရာပမာ၊
လူ့ဘဝ အနှစ်ရှာ
ကောင်းကျိုးသာ ဆောင်ရွက်ပေး၊
လောကီရယ် လောကုတ်
အားထုတ်စို့လေး။ ။

ချစ်သက်(မြန်မာစာ)

# ဘားအံမြို့နယ် စံဖရီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဖေဖော်ဝါရီ ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စံဖရီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒေါ်မေဦးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက် အောင်မြင်အောင် ဆောင်ရွက်ကြစေ လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စံဖရီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၇၀ ထုတ်ချေး ပေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဒေါ်မေဦးက ထံမှ သိရသည်။

ကိုသက်

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဗြိတိန်နိုင်ငံက အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်စနစ် ဖွံ့ဖြိုးတိုးတက်ရေး Amentum UK ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



ဗြိတိန်နိုင်ငံသည် ပြည်တွင်းထုတ် တာဝေးပစ် မြန်နှုန်းမြင့် တိုက်ခိုက်ရေး စွမ်းရည်ကိုပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းမှု အဖြစ် အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်စနစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် Amentum UK ကုမ္ပဏီနှင့် ဒေါ်လာ ၁၆ ဒသမ ၂ သန်းခန့် တန်ဖိုးရှိ စာချုပ်ကို ချုပ်ဆိုကြောင်း ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ဤစီမံကိန်းသည် လက်တွေ့ စမ်းသပ် ပျံသန်းမှုဖြင့် အဆုံးသတ်မည်ဖြစ်ပြီး၊ အသံထက် ငါးဆနှင့်အထက်မြန်ဆန်သည့် အပြင် ပြင်းထန်သောနှင့် တည်ဆောက်ပုံဆိုင်ရာ ဖိအားများကို ခံနိုင်ရည်ရှိသည့် ဒုံးကျည်နမူနာပုံစံများ ထွက်ပေါ်လာစေရန် ရည်ရွယ်သည်။ ဤလုပ်ငန်းစဉ်ကို Team Hypersonics (UK)ဟု အမည်ပေးထားသည့် စုပေါင်းအဖွဲ့စနစ်ဖြင့် Ebeni နှင့် Synthetik Applied Technologies UK Ltd ကဲ့သို့သော ကုမ္ပဏီခွဲများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်သည်။

ဗြိတိန်နိုင်ငံ၏ မဟာဗျူဟာမြောက် ကာကွယ်ရေးသုံးသပ်ချက်တွင် ဟိုက်ပါဆောနစ်နည်းပညာသည် အနာဂတ် ပဋိပက္ခများအတွက် အဓိကဦးစားပေး ကဏ္ဍဖြစ်ကြောင်း ဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ် ဇူလိုင်မှစ၍ ဗြိတိန်နိုင်ငံသည် ဟိုက်ပါဆောနစ်နှင့်ဆက်စပ်သော စာချုပ်ပေါင်း ၂၂ ခုကို ကုမ္ပဏီပေါင်း ၁၂၄ ခုနှင့် ချုပ်ဆိုခဲ့ပြီး စုစုပေါင်းတန်ဖိုးမှာ ဒေါ်လာ ၆၄ ဒသမ ၈ သန်းခန့် ရှိခဲ့ပြီဖြစ်သည်။

ဤ Amentum ကုမ္ပဏီနှင့် ချုပ်ဆိုသော စာချုပ်သည် တင်ဒါခေါ်ယူချိန်မှ စာချုပ် ချုပ်ဆိုသည့်အချိန်ထိ ၃၁ ရက်သာ ကြာမြင့်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ကာကွယ်ရေးပစ္စည်းဝယ်ယူမှု စနစ်သစ်ဖြစ်သော Commercial X ကို အသုံးပြု၍ ခေတ်မီနည်းပညာများကို တပ်မတော်ထံ အမြန်ဆုံးရောက်ရှိစေရန် ကြိုးပမ်းခြင်းဖြစ်သည်။ ဤစီမံကိန်းသည် ၂၀၂၇ ခုနှစ် မှစတင်ကာ GDP ၏ ၂ ဒသမ ၅ ရာခိုင်နှုန်းကို ကာကွယ်ရေးအသုံးစရိတ်အဖြစ် တိုးမြှင့်သုံးစွဲမည့်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

ဗြိတိန်ကာကွယ်ရေး စွမ်းရည်နှင့် စက်မှု လုပ်ငန်းဆိုင်ရာဝန်ကြီး Luke Pollard က "ဒီစီမံကိန်းဟာ ကျွန်တော်တို့ တပ်မတော်အတွက် အဆင့်မြင့်နည်းပညာ တွေကို မြန်မြန်ဆန်ဆန် ရရှိစေမှာ ဖြစ်သလို ပြည်တွင်းစက်မှုကဏ္ဍကိုလဲ ခိုင်မာစေမှာပါ" ဟု ပြောကြားခဲ့သည်။

ဤစမ်းသပ်ချက်များမှ ရရှိသော ရလဒ်များသည် နောင်တွင် NATO မဟာမိတ်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည့် လက်နက်ထုတ်လုပ်ရေး ကိစ္စရပ်များ အတွက် အခြေခံအချက်အလက်များ ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၏ ဤခြေလှမ်းသည် သာမန်လက်နက် ဝယ်ယူမှုထက် ပိုမိုနက်ရှိုင်းသော နည်းပညာဆိုင်ရာ အချုပ်အခြာအာဏာ တည်ဆောက်ခြင်းပင်ဖြစ်သည်။ ရုရှားနှင့် တရုတ်နိုင်ငံတို့က ဟိုက်ပါဆောနစ်နည်းပညာတွင် ကနဦး အသာစီးရထားသည့် ခေတ်သစ်စစ်မြေပြင်၌ ဗြိတိန်နိုင်ငံအနေဖြင့် ခုခံစစ်သက်သက်ထက် ပိုမိုထိရောက်သော ဟန့်တားမှုစွမ်းရည်ကို ပိုင်ဆိုင်ရန် ကြိုးပမ်းလာခြင်းဖြစ်သည်။

အထူးသဖြင့် စာချုပ်ချုပ်ဆိုမှုလုပ်ငန်းစဉ်ကို ၃၁ ရက်အတွင်း အပြီးသတ်နိုင်ခဲ့ခြင်းမှာ ခေတ်ဟောင်း ဗျူရိုကရေစီယန္တရားကို ကျော်လွှားပြီး ခေတ်သစ်ပဋိပက္ခများ၏ အမြန်နှုန်းကို အစိုးရနှင့် စက်မှုလုပ်ငန်းကဏ္ဍက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သည်ကိုပြသသည့် ထင်ရှားသော သက်သေတစ်ခုဖြစ်ကြောင်း သိရသည်။

**UK Awards $16M Contract to Advance Hypersonic Missile Design ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံ AVIC ကုမ္ပဏီက ဒေါင်လိုက်တက်ဆင်းနိုင်သော Yunying ဒရုန်းကို မိတ်ဆက်ပြသခဲ့



တရုတ်နိုင်ငံ၏ ထိပ်တန်းလေကြောင်း ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းစုကြီး ဖြစ်သည့် (AVIC) Chengdu Aircraft Industry Group ဖြစ်သောကုမ္ပဏီသည် ဒေါင်လိုက်တက်ဆင်းနိုင်သော (VTOL) ဒရုန်းကို တရားဝင်မိတ်ဆက်ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းဒရုန်းကို တရုတ်ဘာသာဖြင့် Yunying ဟု အမည်ပေးထားပြီး အမေရိကန် Shield AI ကုမ္ပဏီမှ ထုတ်လုပ်သော V-BAT ဒရုန်းစနစ်နှင့် ပုံစံချင်း အလွန်နီးစပ်သည့် အမြီးထောင် ဒီဇိုင်းနှင့် ပန်ကာစနစ်တို့ကို အသုံးပြုထားသည်။

Yunying- 25V အမျိုးအစား ဒရုန်းများကို ယခုနှစ် တရုတ်နှစ်သစ်ကူး နွေဦးပွဲတော်အတွင်း ရီပင်မြို့၌ ပထမဆုံး အကြိမ် လူထုရှေ့မှောက်သို့ ပွဲထုတ်ပြသခဲ့သည်။ အဆိုပါပွဲတွင် ဒရုန်း ၁၀ စင်းဖြင့် ပေါင်းစပ် ပျံသန်းမှုကို ပြသခဲ့ပြီး ၎င်းသည် ယခုစနစ်၏ ပထမဆုံးသော အကြီးစား တင်ဆက်မှုလည်းဖြစ်သည်။

Yunying ဒရုန်းကို နေရာဒေသမရွေး လွယ်ကူစွာ ဒေါင်လိုက်တက်ဆင်းနိုင်ရန် အထူးပုံစံထုတ်ထားပြီး ပတ်ဝန်းကျင် အခြေအနေ အမျိုးမျိုးတွင် လိုက်လျောညီထွေရှိစေရန် အဆင့်မြင့် ပျံသန်းမှု ထိန်းချုပ်ရေးစနစ်များကို ထည့်သွင်းထားသည်။ ထုတ်လုပ်သူများ၏ အဆိုအရ ဤဒရုန်းသည် သုံးမီတာပတ်လည်ရှိသော နေရာလွတ်ရှိရုံဖြင့် ပစ်လွှတ်ခြင်းနှင့် ပြန်လည်ဆင်းသက်ခြင်းတို့ကို လုပ်ဆောင်နိုင်သဖြင့် မြေမျက်နှာသွင်ပြင် ကန့်သတ်ချက်ရှိသောနေရာများ သို့မဟုတ် လှုပ်ရှားနေသော ယာဉ်များပေါ်မှပင် အသုံးပြုနိုင်သည်။

AVIC ကုမ္ပဏီ၏ ထုတ်ပြန်ချက်များတွင် ဤဒရုန်းကို ကျဉ်းမြောင်းသော နေရာလွတ်အတွင်းမှနေ၍ ကောင်းကင်ယံသို့ တိုက်ရိုက်ပစ်လွှတ်နိုင်ခြင်းဟု ဖော်ပြထားရာ ၎င်းဒရုန်းသည် စစ်မြေပြင်တွင် အချိန်တိုအတွင်း လျင်မြန်စွာ တပ်ဖြန့်နိုင်မှုနှင့် လိုက်လျောညီထွေရှိသော အခြေစိုက်စခန်းစနစ်များကို အဓိက ဦးစားပေးတည်ဆောက်ထားကြောင်း သိရှိရသည်။

Yunying ဒရုန်းကို အစိတ်အပိုင်းများ အလွယ်တကူ ဖြုတ်တပ်နိုင်သည့် (Modular Structure) ပုံစံဖြင့် တည်ဆောက်ထားသောကြောင့် သယ်ယူပို့ဆောင်ရေးနှင့် စစ်မြေပြင်တပ်ဖြန့်မှုအတွက် အလွန်လွယ်ကူသည်။ ပစ်ကပ်ကားတစ်စီး၏ နောက်ဖုံးတွင် အလွယ်တကူ သယ်ဆောင်နိုင်ပြီး သေတ္တာဖွင့်ချိန်မှ ပျံသန်းသည်ထိ ငါးမိနစ်အတွင်း လုပ်ဆောင်နိုင်ကြောင်း သိရသည်။

ဤဒရုန်းသည် ဒေါင်လိုက် တက်ဆင်းနိုင်သောစနစ်နှင့် တောင်ပံတပ် လေယာဉ်တို့၏ အားသာချက်များကို ပေါင်းစပ်ထားသည့် Tail-sitter အမျိုးအစားဖြစ်သည်။ ဒေါင်လိုက်ပျံတက်ပြီးနောက် ရှေ့သို့ ပုံမှန်လေယာဉ်ကဲ့သို့ အရှိန်ပြင်းပြင်း ပျံသန်းနိုင်သဖြင့် သာမန်ဒရုန်းများထက် ပိုမိုမြန်ဆန်ပြီး ထိရောက်မှုရှိသည်။ ၎င်းတွင် မြို့ပြစောင့်ကြည့်ရေး၊ စက်မှုလုပ်ငန်း စစ်ဆေးရေးနှင့် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများအတွက်အချိန်နှင့်တစ်ပြေးညီ ဗီဒီယိုနှင့်ပုံရိပ်များ ပေးပို့နိုင်သည့် လျှပ်စစ်-အလင်းကြည့်(Electro-optical) စနစ်များ တပ်ဆင်ထားသည်။ အသုံးပြုရသည့် ကုန်ကျစရိတ်သက်သာခြင်းနှင့် ပြန်လည်သိမ်းဆည်းရာတွင် ထိခိုက်မှုနည်းပါးခြင်းတို့ကြောင့် အရပ်ဘက်နှင့် လုံခြုံရေး ကဏ္ဍနှစ်ခုစလုံးအတွက် သင့်လျော်သည်။

တရုတ်နိုင်ငံ၏ Yunying ဒရုန်းသည် အနာဂတ်တွင် တောင်တရုတ်ပင်လယ် သို့မဟုတ် ကမ်းရိုးတန်းစစ်ဆင်ရေး များတွင် အရေးပါသော ကင်းထောက် လက်နက်တစ်ခု ဖြစ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Chinese AVIC reveals U.S. made V-BAT copy drone ကို ဘာသာပြန်ဆို ထားပါသည်။**

မင်းမျိုး

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ၁၄၉၆၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကသာ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ၁၄၉၆၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၅၁၇၆ ကေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေထောက်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၄၉၆၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ တင်းကျော်ထွက်ရှိကြောင်း သိရသည်။

"ကသာမြို့နယ်မှာ မြေထောက်ပဲ ၁၅၁၇၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၄၉၆၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေထောက်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေထောက်ပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပူတာအိုမြို့နယ် ကျေးရွာနှစ်ရွာ၌ VDPစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပူတာအို ဖေဖော်ဝါရီ ၂၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညဲဆာလာဒီနှင့် မလီဆားရ်ကျေးရွာတို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက မလီဆားရ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များ၊ အကျုံးဝင်သောလုပ်ငန်းခွဲများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ VDP စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကျေးရွာကော်မတီရွေးချယ်မှု သတ်မှတ်ချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများအကြောင်း ရှင်းလင်းပြောကြားကာကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင် ခုနစ်ဦး ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ညဲဆာလာဒီကျေးရွာနှင့် မလီဆားရ်ကျေးရွာတို့တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဖြည့်စွက် ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာလူထုထည့်ဝင်ငွေတို့နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ရေကြည် ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် နဂါးမောက်သီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေငွေးရီက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများကို ဖေဖော်ဝါရီလဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် နဂါးမောက်သီးများ အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၇၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ဒေသထွက် နဂါးမောက်သီးတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကလဲ နဂါးမောက်သီးတွေ အများအပြား ဝယ်ယူနေပါတယ်။ ရေကြည်မြို့နယ်ဘက်မှာက လက်ရှိ နဂါးမောက်သီးတွေ စတင်ထွက်ရှိနေပြီဖြစ်ပါတယ်။ ရေကြည်မြို့နယ်မှ ထွက်ရှိနေတဲ့ နဂါးမောက်သီးတွေက အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားကင်းစင်ပါတယ်"ဟု ရေကြည်မြို့နယ် နဂါးမောက်သီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေငွေးရီက ပြောပြသည်။



ရေကြည်မြို့နယ်တွင် အော်ဂဲနစ်နည်းစနစ်ဖြင့် တောင်သူတစ်ဦးလျှင် နဂါးမောက်သီးတစ်ကေမှ ငါးကေထိစိုက်ပျိုးကြပြီး စိုက်နည်းစနစ်များကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်းစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ် ကောင်းမွန်နေသဖြင့် နဂါးမောက်သီးကေ ထပ်မံတိုးချဲ့ စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါ နဂါးမောက်သီးများ အရောင်းအဝယ်ကောင်းမွန်သောကြောင့် နဂါးမောက်သီးစိုက်တောင်သူများ၊ နဂါးမောက်သီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဒိုက်ဦးမြို့နယ် ဦးဘိုးရင်စုကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆာပါခြံကျေးရွာအုပ်စု ဦးဘိုးရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထက်မြတ်မောင်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဦးဘိုးရင်စုကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးထက်မြတ်အောင်က ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းကို အကျိုးရှိစွာ အသုံးပြုနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ၆၅၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေကျပ် ရှစ်သန်းအသုံးပြုပြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီ ၂၈ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ဦးဘိုးရင်စုကျေးရွာနေ ကျေးရွာသူ၊ ကျေးရွာသားများ သွားလာရေး လွယ်ကူအဆင်ပြေနေပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုညို**

# မိုင်းယောင်းမြို့နယ် ဝမ်တပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်တပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် တာဝန်ရှိသူများက ဝမ်တပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စပါး၊ ပြောင်း၊ ကြံနှင့် အခြားစိုက်ပျိုးသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ဦးရေ၃၀ ကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၄၀၀ ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရသော ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ

မောင်စိန်အိ(နဘဲမြေ)

ကမ္ဘာကြီးပိုမိုပူနွေးလာပြီဆိုသော အချက်ကို လူတိုင်းသိရှိထားပြီးဖြစ်သည်။ လက်ရှိအချိန်တွင် လေထုညစ်ညမ်းမှုများကြောင့် ကမ္ဘာကြီးသည် ဖန်လုံအိမ်အဖြစ် ပြောင်းလဲဖြစ်ပေါ်စေလျက်ရှိပြီး ညစ်ညမ်းသောလေထုသည် နေမှထုတ်လွှတ်သော အပူချိန်ကိုပင်လျှင် လေထုအတွင်း ပိတ်လှောင်ထားသည်။

လေထုညစ်ညမ်းမှုဖြစ်အောင် လုပ်ဆောင်နေသူများသည်ရပ်တန့်လိုခြင်း၊ ရပ်ဆိုင်းလိုသောဆန္ဒလည်းမရှိခြင်းတို့ကြောင့် လက်ရှိအချိန်တွင် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်ခြင်းမရှိသဖြင့် ကမ္ဘာ့နေရာတိုင်းတွင် လေထုညစ်ညမ်းမှုများရှိနေခြင်းဖြစ်သည်။

သာဓကအနေဖြင့် ၂၀၂၄ ခုနှစ်သည် ၂၀၂၃ ခုနှစ်ကထက် အပူချိန်ပိုမိုမြင့်မားခဲ့သည်။ အပူချိန်မြင့်မားသောကြောင့် ရေများရှားပါးခန်းခြောက်လာသည်။

၂၀၂၄ ခုနှစ်အတွင်း တောင်အမေရိက၊ တောင်အာဖရိက၊ မြေထဲပင်လယ်နှင့် အရှေ့ဥရောပရှိနေရာအများစုတွင် အပူချိန်မြင့်တက်မှုကြောင့် အလွန်အမင်းခြောက်သွေ့မှုဖြစ်ပေါ်စေခဲ့သည်။ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်တို့တွင် ပျမ်းမျှမိုးရေချိန် လက်မအောက်လျော့နည်းခဲ့သည်။ အလားတူ အလယ်အာရှ၊ အရှေ့အာဖရိက၊ အနောက်အာဖရိက၊ အရှေ့တောင်အာရှနှင့် ဥရောပအလယ်ပိုင်းတို့တွင်မူ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။ အပူချိန်မြင့်တက်မှုကြောင့် နှင်းများအရည်ပျော်ကာ ကာဇက်စတန်နိုင်ငံ၌ မကြုံစဖူးရေကြီး ရေလျှံဖြစ်ပွားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ နီပေါနှင့် ပါကစ္စတန်နိုင်ငံတွင် မိုးကြီးခဲ့သည်။

စက်မှုလုပ်ငန်းများစတင်ကတည်းက သမုဒ္ဒရာများသည် ထပ်မံမြင့်တက်လာသော အပူချိန် ၉၃ ရာခိုင်နှုန်းခန့်ကို စုပ်ယူနိုင်စွမ်းမရှိသောကြောင့် ကမ္ဘာ့လေထုကြီးသည် ပိုမိုပူနွေးလာလျက်ရှိသည်။ ထို့ပြင် ပိုမိုပူနွေးလာသော သမုဒ္ဒရာများသည် ဟာရီကိန်းနှင့် တိုင်ဖွန်းမုန်တိုင်းများကို ပိုမိုဖြစ်ပေါ်စေပြီး ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်အရှေ့တောင်ပိုင်း၌ Beryl၊ Helene နှင့် Milton မုန်တိုင်းများ တိုက်ခတ်မှုကြောင့် သေကျေထိခိုက်ပျက်စီးမှုများပြားခဲ့သည်။ အလားတူ Yagi တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဗီယက်နမ်၊ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့တွင် လူ ၅၀၀ ကျော် သေဆုံးခဲ့သည်။

ရာသီဥတုပြောင်းလဲမှုသည် လူသားတို့၏လှုပ်ရှားဆောင်ရွက်မှုများနှင့် သက်ဆိုင်မှုမရှိကြောင်း အယုံအကြည်မရှိသူများက ပြောဆိုလျက်ရှိသော်လည်း စနစ်တကျလေ့လာထားသော သိပ္ပံပညာရှင်များက အဆိုပါပြောဆိုမှုများကို ငြင်းဆိုလျက်ရှိသည်။ ၂၀၂၄ ခုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာဖြစ်စဉ် ၇၃၅ ခုကို လေ့လာခဲ့ရာ ၇၄ ရာခိုင်နှုန်းခန့်သည် လူသားတို့၏ပယောဂကြောင့် ပိုမိုပြင်းထန်ခဲ့သည်ကိုတွေ့ရှိခဲ့ရသည်။ လူသားတို့၏လုပ်ဆောင်မှုမရှိလျှင် အချို့သောဖြစ်စဉ်များကို တွေ့ရှိရမည်မဟုတ်ကြောင်း သိပ္ပံပညာရှင်များက ကောက်ချက်ချထားသည်။

**❖ ကမ္ဘာ့မိုးလေဝသအဖွဲ့၏ အစီရင်ခံစာအရ ၁၉၇၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ် ၁၁၇၇၈ ကြိမ်ဖြစ်ပွားခဲ့ပြီး လူဦးရေ ၂ ဒသမ ၁ သန်း သေဆုံးခဲ့သည့်အပြင် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ထရီလီယံရှိခဲ့သည်ဟု သိရှိရသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သေဆုံးမှု ၉၁ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တွေ့ရှိရပြီး ကမ္ဘာ့လူဦးရေ ၈၃ ရာခိုင်နှုန်းခန့်သည် အဆိုပါနိုင်ငံများတွင် နေထိုင်လျက်ရှိသည်။ ❖**

ရာသီဥတုပြောင်းလဲမှုကြောင့် လူသားတို့ပေးဆပ်ရမှုများသည် မယုံကြည်နိုင်လောက်အောင် မြင့်တက်လျက်ရှိသည်။ ၂၀၀၈ ခုနှစ်ကတည်းက ရာသီဥတုနှင့်ဆက်နွယ်သော ဖြစ်စဉ်များကြောင့် လူ ၃၅၉ သန်းခန့်သည် အိုးအိမ်များကို စွန့်ခွာရလျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ပြည်တွင်းရွှေ့ပြောင်းနေထိုင်မှု ၂၀၂၄ ခုနှစ် အစီရင်ခံစာအရ ရေကြီးရေလျှံမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ ပူပြင်းခြောက်သွေ့မှုနှင့် တောမီးလောင်ကျွမ်းမှုတို့ကြောင့် ၂၀၂၃ ခုနှစ် တစ်နှစ်တည်း၌ပင် လူဦးရေ ၆ ဒသမ ၆ သန်းခန့်သည် အိမ်ခြေယာမဲ့ဖြစ်ခဲ့ရသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့၏ အစီရင်ခံစာအရ ၁၉၇၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ် ၁၁၇၇၈ ကြိမ်ဖြစ်ပွားခဲ့ပြီး လူဦးရေ ၂ ဒသမ ၁ သန်း သေဆုံးခဲ့သည့်အပြင် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ထရီလီယံ ရှိခဲ့သည်ဟု သိရှိရသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သေဆုံးမှု ၉၁ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တွေ့ရှိရပြီး ကမ္ဘာ့လူဦးရေ ၈၃ ရာခိုင်နှုန်းခန့်သည် အဆိုပါနိုင်ငံများတွင် နေထိုင်လျက်ရှိသည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် ကြိုတင်သတိပေးစနစ်များ ကောင်းမွန်လာသောကြောင့် သေဆုံးမှုအရေအတွက် ကျဆင်းလာခဲ့သော်လည်း စီးပွားရေးအရဆုံးရှုံးမှုသည် ငါးဆခန့်မြင့်တက်လာခဲ့သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်က ၂၀၅၀ ပြည့်နှစ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် လူဦးရေ ၁၄ ဒသမ ၅ သန်းခန့်သေဆုံးနိုင်ပြီး ရေကြီးရေလျှံမှုကြောင့် ၈ ဒသမ ၅ သန်းခန့်နှင့် ပူပြင်းခြောက်သွေ့မှုကြောင့် ၃ ဒသမ ၂ သန်းခန့်ရှိနိုင်ကြောင်း ကြိုတင်ခန့်မှန်းတွက်ချက်ထားရှိသည်။ ထိုသို့သေကျေထိခိုက်မှုများကိုလျှော့ချနိုင်ရေးအတွက် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့်သဘာဝဘေးအန္တရာယ်များ၏ဆိုးကျိုးများနှင့် လိုက်လျောညီထွေနေထိုင်ခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းတို့ကို လုပ်ဆောင်သွားရန်လိုအပ်သည်။ အမှန်တော့ ထိုသို့လျှော့ချနိုင်ရေးအတွက် ကုလသမဂ္ဂမှုဘောင်ဖြစ်သည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုညီလာခံကို ၁၉၉၅ ခုနှစ်ကတည်းက ကျင်းပလျက်ရှိသည်။

၁၉၉၇ ခုနှစ် ကျိုတိုသဘောတူညီချက်သည် ဖွံ့ဖြိုးပြီးနိုင်ငံများအား ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန် တရားဥပဒေကြောင်းဆိုင်ရာ စည်းနှောင်မှုများကိုပြဋ္ဌာန်းထားရှိသည်။ သို့သော် ကာဗွန်ထုတ်လွှတ်မှုသည် ၂၀၂၄ ခုနှစ်ထိ မြင့်တက်နေဆဲပင်ဖြစ်သည်။ ၂၀၁၅ ခုနှစ် ပဲရစ်သဘောတူညီချက်တွင် လက်မှတ်ရေးထိုးထားသော ၁၉၅ နိုင်ငံသည် ကာဗွန်လျှော့ချရေးအတွက် ကတိကဝတ်ပြုထားကြသည်။ လက်မှတ်ရေးထိုးထားသောနိုင်ငံတိုင်းသည် ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း၊ လိုက်လျောညီထွေလုပ်ဆောင်ခြင်း၊ နည်းပညာလွှဲပြောင်းခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းများ လုပ်ဆောင်ခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်သွားမည်ဖြစ်သည်။

အမှန်တော့ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းစဉ်များသည် ကုန်ကျစရိတ်ကြီးမားမည်ဖြစ်သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ကျင်းပခဲ့သည့် ရာသီဥတုပြောင်းလဲမှုကွန်ဖရင့်(COP29)သည် ဓနအင်အားကြွယ်ဝသည့်နိုင်ငံများနှင့် ငွေကြေးချို့တဲ့သည့်နိုင်ငံများအကြား ကုန်ကျစရိတ်မျှဝေကျခံရေးဆိုင်ရာ ဆုံးဖြတ်ချမှတ်ရန်လိုအပ်ခဲ့သည်။ ဆိုရလျှင် လေထုညစ်ညမ်းအောင် ဆောင်ရွက်သူများသည် ထိုညစ်ညမ်းမှု၏အကျိုးဆက်ကို ပေးဆပ်သွားသင့်ပေသည်။

သမိုင်းကြောင်းအရ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် စက်မှုလုပ်ငန်းထူထောင်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်ဆက်နွယ်လျက်ရှိသည်။ ၁၈၅၀ ပြည့်လွန်နှစ်များကတည်းက ကာဗွန်ထုတ်လွှတ်မှု ၇၇ ရာခိုင်နှုန်းခန့်သည် G-20 နိုင်ငံများက ထုတ်လွှတ်ခြင်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် နိုင်ငံများ၏ ကာဗွန်ထုတ်လွှတ်မှုသည် လေးရာခိုင်နှုန်းခန့်သာရှိသည်။ ၂၀၂၃ ခုနှစ်တွင် ဘရာဇီး၊ တရုတ်နှင့်ရုရှား သုံးနိုင်ငံ စုစုပေါင်း၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ၄၅ ရာခိုင်နှုန်းရှိခဲ့ပြီး စက်မှုအလွန်စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့သည် ၁၁ ရာခိုင်နှုန်းနှင့် ၆ ရာခိုင်နှုန်းသာ အသီးသီးရှိသည်။

သို့သော် အမေရိကန်၏တစ်ဦးချင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် တရုတ်နိုင်ငံထက် ၆၄ ရာခိုင်နှုန်းကျော်လွန်လျက်ရှိသည်။

၂၀၁၅ ခုနှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေနေထိုင်ရေးတို့တွင် အကူအညီပေးရန် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ စုပေါင်းထည့်ဝင်သွားရန် ကတိကဝတ်ပြုခဲ့ကြသည်။ အဆိုပါနိုင်ငံများသည် ၂၀၂၅ ခုနှစ်တွင် ပံ့ပိုးငွေ ပမာဏတိုးမြှင့်သွားရန်သဘောတူညီခဲ့သော်လည်း ဆွေးနွေးညှိနှိုင်းနေဆဲပင်ဖြစ်သည်။ ပြည်သူများအနေဖြင့် ရာသီဥတုဖြစ်စဉ်များနှင့် လိုက်လျောညီထွေနေထိုင်ခြင်းသည် အစွန်းရောက်ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့်ဖြစ်ပေါ်လာသည့် ထိခိုက်ဆုံးရှုံးမှုများကိုလျှော့ချနိုင်သော်လည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို လုံးလုံးလျားလျားလျှော့ချနိုင်မည်မဟုတ်ချေ။

ရာသီဥတုပြောင်းလဲမှုလျှော့ချရေး လုပ်ငန်းစဉ်များအတွက်ကူညီရန် သဘောတူညီထားသည့် နှစ်စဉ်ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံသည်ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေးအတွက်လုံလောက်မှုရှိမည်မဟုတ်ချေ။ ထိုသို့ကူညီရန်ကတိပြုထားသည့်နိုင်ငံများအနက် ၂၀၂၃ ခုနှစ်တွင် ဂျာမနီက အမေရိကန်ဒေါ်လာသန်း ၁၀၀၊ ဥရောပသမဂ္ဂက အမေရိကန်ဒေါ်လာ ၂၄၅ သန်းနှင့်အမေရိကန်က အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅ သန်းသာ ပံ့ပိုးကူညီခဲ့သဖြင့် ရန်ပုံငွေလုံလောက်မှုမရှိခဲ့ပေ။

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာပထဝီနိုင်ငံရေးဆိုင်ရာ ပြောင်းလဲမှုများရှိနေသည့်တိုင်အောင် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းများတွင် နိုင်ငံတကာနှင့်ပူပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်ကတည်းက ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများကိုပံ့ပိုးကူညီရန် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅ ဘီလီယံ ကူညီထားရှိပြီးဖြစ်သည်။ တရုတ်နိုင်ငံ၏ ကူညီပံ့ပိုးမှုသည် ဗြိတိန်နိုင်ငံ၏ ကူညီမှုပမာဏနှင့်တူညီပြီး ဂျပန်၊ ဂျာမနီ၊ အမေရိကန်နှင့်ပြင်သစ်နိုင်ငံတို့၏ ကူညီမှုပမာဏထက် ကျော်လွန်လျက်ရှိကြောင်း လေ့လာသုတေသနပြုမှုများက ဖော်ပြလျက်ရှိသည်။

ဆိုရလျှင် တရုတ်နိုင်ငံအနေဖြင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရန်ကတိကဝတ်နှင့်အတူ လျှပ်စစ်ကားနှင့်ဆိုလာစွမ်းအင်အပါအဝင် အစိမ်းရောင်နည်းပညာတွင် ရင်းနှီးမြှုပ်နှံလုပ်ဆောင်လာသဖြင့် ကမ္ဘာတစ်ဝန်း၌ ကုန်ကျစရိတ်များသက်သာလာစေပြီဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် ရန်ပုံငွေထည့်ဝင်ခြင်းအပါအဝင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဦးဆောင်မှုနိုင်ငံအဖြစ်ပေါ်ထွက်လာလျက်ရှိကြောင်း လေ့လာသုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

– Climate Change : No Going Back by CHINA TODAY.



## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## မေတ္တာရောင်ပြန်

မင်္ဂလာပါ သားသား၊ မီးမီးတို့ရေ၊ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ပုံပြင်ကလေးရဲ့နာမည်ကတော့ **"မေတ္တာရောင်ပြန်** "ဆိုတဲ့ပုံပြင်ကလေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ညောင်ပင်သာရွာမှာ မောင်ကောင်းစံနဲ့ မောင်ကံကောင်းဆိုတဲ့ သူငယ်ချင်း နှစ်ယောက်ရှိသတဲ့ကွယ်။ သူငယ်ချင်းနှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် အလွန်ချစ်ကြသတဲ့ ကွယ်။ မောင်ကောင်းစံဟာ ချမ်းသာတဲ့မိသားစုက မွေးဖွားလာပြီး မိဘတွေကလဲ မောင်ကောင်းစံ ကလေးကို အချစ်တွေပိုကြသလို လိုချင်တာမှန်သမျှ ဖြည့်ဆည်းပေးသတဲ့ကွယ်။ မောင်ကောင်းစံကလေး ဟာ ပစ္စည်းဥစ္စာကြွယ်ဝပေမဲ့ စိတ်ထားက အလွန် ယုတ်ညံ့သတဲ့။ မောင်ကံကောင်းကလေးကတော့ ဆင်းရဲတဲ့ကလေးဖြစ်ပြီး မိခင်အိုကြီးကို မိမိရဲ့ ကာယအားနဲ့ တောထဲထင်ခွေသွားလိုက်၊ ရွာထဲထင်း တွေရောင်းလိုက်နဲ့ ရသမျှပိုက်ဆံနဲ့ ပြုစုရှာဖွေ ကျွေးမွေးတဲ့ ကလေးဖြစ်သတဲ့ကွယ်။

တစ်နေ့မှာတော့ မောင်ကံကောင်းရဲ့အိမ်ကို သူငယ်ချင်း မောင်ကောင်းစံ ရောက်လာသတဲ့ကွယ်။ တောထဲမှာသားကောင်လိုက်ဖို့ မောင်ကံကောင်းကို အဖော်ညှိနေတာပေါ့။ အဲဒီအခါ မောင်ကံကောင်း ကလေးက "သူငယ်ချင်းရာ တောထဲက တိရစ္ဆာန်တွေ ကို မသတ်ပါနဲ့ကွာ။ သူတို့လဲ သူတို့မိသားစုနဲ့သူတို့ ပျော်ပျော်ရွှင်ရွှင် နေချင်ကြတာပဲ။ သူများအသက်ကို မသတ်ပါနဲ့သူငယ်ချင်း"လို့ မောင်ကောင်းစံကို ပြောပြသတဲ့ကွယ်။

သူငယ်ချင်းဖြစ်သူ မောင်ကောင်းစံကတော့ ဒေါသဖြစ်တဲ့ပုံစံနဲ့ လက်ထဲမှာပါတဲ့အသပြာကို ထုတ်ပြီး မောင်ကံကောင်းရဲ့ ရှေ့ကိုပစ်ချပေးသတဲ့။ ပြီးတော့ " ဟေ့ကောင်ကံကောင်း ငါ့ကိုလမ်းသာပြ။ တိရစ္ဆာန်တွေကို မင်းဖမ်းစရာမလိုဘူး။ အဲဒါ လမ်းပြ ခအသပြာ"လို့ အသပြာကို လက်ညှိုးထိုးကာ ပြောသတဲ့ကွယ်။

မောင်ကံကောင်းကလေးကတော့ အသပြာလဲ မယူချင်သလို လမ်းလဲမပြနိုင်ကြောင်း ပြောပြီး ငြင်းသတဲ့ကွယ်။ နောက်ဆုံးမှာတော့ မောင်ကောင်းစံ ဟာ သူပေးတဲ့အသပြာကို ကောက်ယူလိုက်ပြီး အိမ်ကိုပြန်ဖို့ ဦးတည်လိုက်သတဲ့ကွယ်။

မောင်ကံကောင်းဟာ တောထဲကိုထင်ခွေသွားဖို့ ပြင်ဆင်ပြီးတဲ့အခါ မိခင်အိုကြီးကို ရှိခိုးကန်တော့ သတဲ့ကွယ်။ အဲဒီနောက် တောထဲကို ထွက်ခဲ့သတဲ့။ မောင်ကံကောင်းဟာ သူ့ရဲ့နောက်ကလိုက်လာတဲ့ မောင်ကောင်းစံကို သတိမထားမိဘူးတဲ့ကွယ်။ မောင်ကံကောင်းဟာ ထင်းခွေပြီး အပြန်လမ်းမှာ သမင်အော်သံကိုကြားသတဲ့။ အဲဒီအချိန် သမင်အသံ လာရာကို သွားကြည့်တဲ့အခါ မောင်ကောင်းစံကို



တွေ့သွားသတဲ့။ မောင်ကောင်းစံဟာ သမင်ကလေးကို ကျော့ကွင်းနဲ့ထောင်ဖမ်းပြီး ပါလာတဲ့ဓားနဲ့ ထိုးသတ် လိုက်သတဲ့။ မောင်ကံကောင်းဟာ သမင်သေတာကို မြင်တဲ့အခါ မိမိကြောင့်သေတယ်ဆိုပြီး စိတ်မကောင်း ဖြစ်နေသတဲ့ကွယ်။ အိမ်ကိုပြန်ရောက်တဲ့အခါ မိခင် အိုကြီးကို ပြန်ပြောပြသတဲ့ကွယ်။ မိခင်အိုကြီးက "သားလေး မောင်ကံကောင်း သမင်သေရတာ စိတ် မကောင်းလဲမဖြစ်နဲ့။ မောင်ကောင်းစံကိုလဲ စိတ်မဆိုး နဲ့ မေတ္တာထားပေးပါသား။ လောကမှာ ကိုယ်ပြုတဲ့ ကောင်းကံ၊ မကောင်းကံကသာ အကျိုးပေးတယ်။ သမင်ကလေးအတွက် ကောင်းမှုကုသိုလ်တွေများများ လုပ်ပေးပါ"လို့ မောင်ကံကောင်းကို ပြောသတဲ့ကွယ်။

တစ်နေ့မှာတော့ ညောင်ပင်သာရွာမှာ သူဌေးကြီး တစ်ယောက်က အလှူအတန်း ကြီးကျယ်ခမ်းနားစွာ လှူသတဲ့ကွယ်။ အဲဒီအချိန်မှာ မောင်ကံကောင်း ဟာ တောထဲကထင်းခွေပြန်လာပြီး အလှူအိမ်ကို ကူညီဖို့လာသတဲ့။ အလှူအိမ်လာတဲ့လမ်းမှာ ဆင်းရဲ တဲ့ အဘိုးအိုတစ်ယောက်နဲ့ တွေ့သတဲ့ကွယ်။ အဲဒီ အခါအဘိုးအိုက- "သားလူကလေး အဘိုးအလှူအိမ် ကိုသွားချင်လို့ လမ်းညွှန်ပေးပါ"လို့ ပြောသတဲ့ ကွယ်။ အဲဒီအခါ မောင်ကံကောင်းက အလှူအိမ်ကို သေချာစွာ လမ်းညွှန်လိုက်ပေးသတဲ့ကွယ်။ အဲဒီလို မောင်ကံကောင်းကလေးဟာ အလှူအိမ်ကို သွားချင်တဲ့ ဘယ်သူ့ကိုမဆို လမ်းညွှန်ပေးသတဲ့ ကွယ်။ မောင်ကောင်းစံကတော့ အလှူအိမ်လာတဲ့ ဆင်းရဲတဲ့သူမှန်သမျှကို မောင်းထုတ်သတဲ့။ အဲဒီလို နဲ့ မောင်ကံကောင်းဟာ အလှူအိမ်ကိုရောက် သွားသတဲ့ကွယ်။ အလှူအိမ်ကို ရောက်တဲ့အခါ မောင်ကောင်းစံနဲ့တွေ့သတဲ့။ မောင်ကောင်းစံက တွေ့တွေ့ချင်း ဒေါသဖြစ်တဲ့အမူအရာနဲ့ မောင်ကံကောင်းကို "ဟေ့ကောင် ကံကောင်း မင်းဟာ ကိုယ့်အလှူမဟုတ် လို့ ဆင်းရဲတဲ့သူတွေကို အလှူအိမ်ဆီ လမ်းညွှန်ရသလား"ဆိုပြီး ပြောဆို ရန်လုပ်သတဲ့။ အဲဒီအခါ မောင်ကံကောင်းဟာ မောင်ကောင်းစံကို ဘာစကားမှမပြောဘဲ အိမ်ကို ပြန်ခဲ့သတဲ့ကွယ်။ လမ်းမှာ အဘိုးအိုနဲ့လဲ တွေ့ခဲ့ သတဲ့ကွယ်။ မောင်ကံကောင်းဟာ အဘိုးအိုကို အိမ်ခေါ်ပြီး ထမင်းတွေကို ကျွေးသတဲ့။ အဘိုးအို ဟာ ထမင်းစားပြီးတဲ့အခါ မောင်ကံကောင်းကို "လူကလေး မင်းဟာ စေတနာအလွန်ကောင်းတဲ့ အတွက် တစ်နေ့ အဲဒီစေတနာတွေက အကျိုးပေး လိမ့်မယ်"လို့ ပြောသတဲ့ကွယ်။

ညဘက်ရောက်တဲ့အခါ မောင်ကံကောင်းဟာ အိပ်မက်ထဲမှာ အဘိုးအိုကို တွေ့သတဲ့။ အဘိုးအိုက မောင်ကံကောင်းကို "လူကလေး မနက်တောထဲကို ထင်ခွေသွားတဲ့အခါ ဘယ်သူ့ကိုမှမခေါ်ခဲ့နဲ့။ ရွှေအိုး တစ်လုံး လူကလေးကို ပေးမယ်"လို့ ပြောကြားပြီး ပျောက်ကွယ်သွားသတဲ့ကွယ်။ အဘိုးအိုပျောက်ပြီး တဲ့နောက် မောင်ကံကောင်းဟာ အော်သံတစ်ခု ကြားရသတဲ့ကွယ်။

"ကံကောင်း သူငယ်ချင်း ငါ့ကို ထမင်းကျွေးပါ ကွာ။ ငါဘာမှစားလို့မရလို့ တစ်ခုခုကျွေးပါ"လို့ အကူအညီတောင်းတဲ့မောင်ကောင်းစံကို တွေ့သတဲ့။ မောင်ကံကောင်းဟာ အိပ်ရာကနေ လန့်နိုးသွားသတဲ့။ နောက်နေ့မနက်ရောက်တဲ့အခါ မောင်ကောင်းစံဟာ တောထဲမှာ သားကောင်လိုက်ရင်း ကျားကိုက်လို့ သေသွားကြောင်း မောင်ကံကောင်းကြားသတဲ့ကွယ်။ ညက အိပ်မက်ကို မောင်ကံကောင်းဟာ ပြန်တွေးရင်း တောထဲကိုသွားဖို့ ဆုံးဖြတ်လိုက်သတဲ့။ တောထဲ ရောက်တဲ့အခါ အိပ်မက်ထဲက အဘိုးအိုပြောတဲ့ အတိုင်း မောင်ကံကောင်းဟာ ရွှေအိုးတစ်လုံး ရသွား သတဲ့ကွယ်။ မောင်ကောင်းစံကတော့ တိရစ္ဆာန်ရဲ့ အသက်တွေကိုလဲသတ်တယ်။ အလှူလာတဲ့ ဆင်းရဲ တဲ့သူတွေကိုလဲ နှင်ထုတ်တယ်။ အဲဒီအပြစ်တွေ ကြောင့် တောထဲမှာ ကျားကိုက်လို့သေပြီး မစားရ၊ မသောက်ရ ပြိတ္တာကြီး ဖြစ်သွားသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲသားသားမီးမီးတို့ရေ၊ လူ့ဘဝလူ့လောကမှာ တိရစ္ဆာန်လေးတွေ၊ ဆင်းရဲ တဲ့သူတွေအပေါ်မှာ မေတ္တာထားပြီး ကူညီ စောင့်ရှောက်ပေးပါလို့ ဦးဦးက တိုက်တွန်းလိုက် ပါတယ်ကွယ်။

**မောင်ပုည(ဟင်္သာတမြေ)**

## ရွာဘုရားပွဲ



♦ စဉ်ဆက်မပြတ် ကျင်းပလာ
ရွာဘုရားပွဲပါ။


♦ ရဟန်းသံဃာ ကပ်လှူဒါန်း
သဒ္ဓါစိတ်ရွှင်လန်း။

♦ ရွာသူရွာသား စုံစုံလင်
စုပေါင်းကြစေချင်။

♦ ကုသိုလ်ပါဝင် ပြုလုပ်ဖို့
ရွာဘုရားပွဲသို့။
တူတူသွားကြစို့။ ။

**မောင်ပညာ(မန္တလေး)**

## စာခြောက်ရုပ်



♦ လယ်ကန်သင်းမှာ သူရုပ်ကာ
ကင်းစောင့်နေတတ်တာ။

♦ လေပြည်လာတော့ ယိမ်းနွဲ့လှုပ်
ငှက်လေးတွေမောင်းထုတ်။

♦ အရုပ်ပေမဲ့ သူ့ခမျာ
တာဝန်ကျေတတ်တာ။

♦ စပါးရွှေဝါ ထွက်တိုးရေး
သူကကူညီပေး။
စာခြောက်ရုပ်ကလေး။ ။

**တေးရတု(ညောင်လေးပင်)**

## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို ၁၈-၂-၂၀၂၆ ရက်နေ့ (အစား) ၂၈-၂-၂၀၂၆ ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။


စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

### လျှင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ


၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲစင်းငုံ ၄၁၅၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားသော ပဲစင်းငုံ ၄၁၅၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်တွင် ပဲစင်းငုံ ၆၆၁၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး၊ အဆိုပါ ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၄၁၅၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပဲစင်းငုံ ၁၀ ဒသမ ၁၄ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲစင်းငုံ ၆၆၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ဒီနေ့မှာ ၄၁၅၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံ ရိတ်သိမ်းတာနဲ့ ပတ်သက်ပြီး အထွက်နှုန်း လျော့နည်းမှုမဖြစ်အောင် အချိန်မီခြွေလှေ့ကြဖို့နဲ့ အရည်အသွေး ကောင်းမွန်အောင် စနစ်တကျထားသိုကြဖို့ တောင်သူတွေကို လိုအပ်တဲ့အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်၌ ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကေများတိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ သီးနှံအထွက်နှုန်းများ တိုးတက်စေရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရေးအသိပညာပေးခြင်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်၍ ပဲစင်းငုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## လပွတ္တာမြို့နယ် အမတ်ကလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လပွတ္တာ ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အမတ်ကလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ လပွတ္တာမြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူနှင့် အင်ဂျင်နီယာဝန်ထမ်းများက ရေရရှိရေးအတွက် သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ အမတ်ကလေးကျေးရွာ၌ အလျားပေ ၁၁၀၊ အနံပေ ၁၁၀၊ အမြင့် သုံးပေရှိသော မြေသားရေကန် တူးဖော်ခြင်း၊ အလျားပေ ၁၆၀၊ အနံ ပေ ၁၆၀၊ အမြင့် ငါးပေရှိသော ခြံစည်းရိုးကာရံခြင်းနှင့် လက်နှိပ်တုံကင် လေးလုံး တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများကို လုပ်ငန်းရေရှည်လည်ပတ် အသုံးပြုနိုင်ရေးအတွက် စနစ်တကျ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် လက်နှိပ်တုံကင် လေးလုံး တပ်ဆင်ခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရခွင့်ပြုငွေ ကျပ် ၁၈ သန်းဖြင့် လပွတ္တာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဧပြီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အိပိုးပိုး








## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြင်းမူမြို့၊ အောင်ဇေယျရပ်ကွက်နေ (ဘ) ဦးသန်းဌွေး (၅/မမတ(နိုင်)၀၀၅၆၀၂) (မိခင်) ဒေါ်နုနုရီ(၅/မမတ(နိုင်)၀၀၅၅၄၁)တို့၏သမီး မကေသွယ်ထွန်း(၅/မမတ(နိုင်)၀၆၉၀၅၄)သည် မိဘများ၏ဆိုဆုံးမစကားကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအတိုင်း ပြုမူနေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်မယူပါ။

ဦးသန်းဌွေး
ဒေါ်နုနုရီ

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးနှင်းဘာဒူး (ခ) Gokul + ဒေါ်နူမာဒေဝီတို့၏ သားဖြစ်သူ မောင်ပြည့်ဖြိုးအောင် (ခ) Dave (၉/မမတ(နိုင်)၁၇၄၀၅၄) သည် မိဘစကားနားမထောင်ဘဲ မိဘဖြစ်သူအား အကြိမ်ကြိမ် ဒုက္ခပေးပါသဖြင့် မောင်ပြည့်ဖြိုးအောင် (ခ) Dave အား အမွေစားအမွေခံမှ (၂၁-၂-၂၀၂၆)နေ့မှစ၍ စွန့်လွှတ်လိုက်ပါသည်။ ယခုအချိန်မှစ၍ ကိစ္စအရပ်ရပ်အား တာဝန်ယူ၍ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးနှင်းဘာဒူး (ခ) Gokul
ဒေါ်နူမာဒေဝီ


**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**

**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**


## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မည့် ပညာတတ်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝရန်လိုပြီး ဒေသတွင်းမှ ထွက်ပေါ်လာသည့် ပညာတတ်လူသားအရင်းအမြစ်များအနေဖြင့် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဖော်ဆောင်ပေးနိုင်ရမည်၊ လုပ်ဆောင်နိုင်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၂၄ ရက်တွင်ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ရွှေတိဂုံစေတီတော် ၂၆၁၄ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ဖွင့်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူ ဘုရားလှည့်လည်ပူဇော်ပွဲ ကျင်းပ စာမျက်နှာ - ၂၂

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်ရုံး၏ ထုတ်ပြန်ချက်အပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက် စာမျက်နှာ - ၁၈

မြစ်ကြီးနားလေဆိပ်မှ ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV Suicide Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများ ထုတ်ပြန် စာမျက်နှာ - ၁၉

# ၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ



၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတုတ္ထနေ့တွင် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၁

၂၀၂၆ ခုနှစ် ၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ(က)အဆင့်နှင့်(ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊

စာမျက်နှာ ၁၇ ကော်လံ ၁☆



# လှည်းကူးမြို့နယ် ဆင်ဖုန်(မြောက်)ကျေးရွာအနီးရှိ လယ်ကွင်း၌ ပစ်ခတ်ရန် ပြင်ဆင်ထားသည့် ရှော့တိုက်ဒုံးများ တွေ့ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆင်ဖုန်(မြောက်)ကျေးရွာအနီး လယ်ကွင်း၌ ပစ်ခတ်ရန် ပြင်ဆင်ထားသည့်ရှော့တိုက်ဒုံးများကို တွေ့ရစဉ်။

အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေရန်အတွက် စစ်ရေးနှင့် မသက်ဆိုင်သည့် အများပြည်သူပိုင် အဆောက်အအုံများ၊ လမ်းတံတားများကို မီးရှို့ခြင်း၊ဖောက်ခွဲဖျက်ဆီးခြင်း၊ရှော့တိုက်ဒုံးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆင်ဖုန်(မြောက်)ကျေးရွာအနီးရှိ လယ်ကွင်းအတွင်း၌ PC ပိုက်(အပြာ) စွပ်ထားသည့် မသင်္ကာဖွယ်ပစ္စည်းများတွေ့ရှိကြောင်း

စာမျက်နှာ ၂၁ ကော်လံ ၁❍



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563